# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၀၁)


## နိုင်ငံတော် ရွေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

❖ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။

❖ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်ဖြစ်သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်း သတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဆောင်မီဒီယာခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်း၏ *စာမျက်နှာ ၃ ကော်လံ ၁* ❂

## ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည် ဓာတ်အားလိုင်း ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ ရွာများသို့ ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည် အမှတ် (၁+၂) ဓာတ်အားလိုင်းတစ်လျှောက် လိုင်းအသေးစိတ်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ တာဝါတိုင်အမှတ် (၃၊ ၁၇၊ ၅၁၊ ၅၃၊ ၇၃) တာဝါ(၅)တိုင်တွင် Jumper ကြိုးများ *စာမျက်နှာ ၃ ကော်လံ ၃* ❑



## ပုဂံမြစေတီ ရာဇကုမာရ်ကျောက်စာရုံအတွင်း ငွေကြေးလှူဒါန်းခြင်းမပြုရန် အသိပေးထုတ်ပြန်



ရန်ကုန် ဩဂုတ် ၁

ပုဂံမြို့ဟောင်း မြင်းကပါ ကျေးရွာတွင် တည်ရှိသည့် မြစေတီဘုရားရှိ ရာဇကုမာရ် ကျောက်စာထားရှိရာ ကျောက်စာရုံအတွင်းသို့ ဘုရားဖူးပြည်သူများအနေဖြင့် ငွေကြေးလှူဒါန်းမှု မပြုလုပ်ကြရန် အသိပေးထားပြီး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသောအယ်လ်နီညိုအခြေအနေတွင် တည်ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

**ယနေ့ ဖတ်စရာ**


ခေါင်းလန်ဖူးလွမ်းချင်း — ဆောင်းပါး ➢ ၆

ဆင်းရဲမှုလျှော့ချရေးနှင့် တစ်နှစ်ပတ်လုံး ဝင်ငွေရလမ်းဖြစ်စေမည့် မှိုစိုက်ပျိုးရေးလုပ်ငန်း — ဆောင်းပါး ➢ ၁၀

စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို — ပြည်တွင်းသတင်း ➢ ၁၃


## တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ယနေ့တွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက သွေးလှူဒါန်းကြမည့် သွေးအလှူရှင် ၂၂၀ တို့ကို *စာမျက်နှာ ၃ ကော်လံ ၃* ○



# ယုံကြည်မှု အားမာန်ဖြင့် ဗွဲစိတ်သန်သန်

အစိုးရသည် “ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရရှိရေး ” နှင့် “ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး ” ဆိုသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို လက်ကိုင်ထားပြီး ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတွင်လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်တို့အရ အဆိုပါဦးစားပေးရည်မှန်းချက်နှစ်ရပ်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံနှင့်နိုင်ငံသားများ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ကြမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အစိုးရကသာလျှင်ဆောင်ရွက်၍မရဘဲ ပြည်သူတစ်ရပ်လုံးက ပါဝင်လာကြရန်လိုသည်။ ပြည်သူများပါဝင်လာကြစေရန်လည်း အစိုးရများက ကြိုးပမ်းနေကြရမည်ဖြစ်ပြီး အစိုးရနှင့် ပြည်သူတို့ကြားတွင် အပြန်အလှန်နားလည်မှုနှင့် တာဝန်ရှိမှုတို့အပေါ်တွင်သာအခြေခံ၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရနှင့် ပြည်သူတို့၏ နိုင်ငံရေးရင့်ကျက်မှု (political maturation) သည် မရှိလျှင်မဖြစ်သော အခြေအနေတစ်ရပ်ဖြစ်ကြောင်း ပညာရှင်တို့ကဆိုသည်။

နိုင်ငံရေးရင့်ကျက်မှုဟူသည် နိုင်ငံသားများ၊ အဖွဲ့အစည်းများနှင့် အစိုးရတို့သည် နိုင်ငံရေးဖြစ်စဉ်များကို စိတ်ခံစားချက်ထက် အသိပညာ၊ အကျိုးအကြောင်းသင့် ဆင်ခြင်တုံတရားနှင့် ရေရှည်အကျိုးမျှော်ကိုးမှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိလာခြင်းပင်ဖြစ်သည်။ နိုင်ငံရေးရင့်ကျက်မှု၏ လက္ခဏာများနှင့် အနှစ်သာရများတွင် မိမိနှင့်အယူအဆမတူသူများကို ရန်သူရန်ဘက်အဖြစ် မသတ်မှတ်ဘဲ သဘောထားအမြင်ကွဲပြားမှုများအပေါ် လက်ခံနိုင်ခြင်း၊ လူနည်းစုနှင့် အခြားလူမျိုး၊ အခြားဘာသာ၊ အယူအဆမတူခြားနားသည်များအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ တရားဥပဒေစိုးမိုးမှုကို ယုံကြည်လက်ခံပြီး မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမဆို တရားဥပဒေ၏အောက်တွင်သာ ရှိရမည်ကိုလက်ခံပြီး လိုက်နာခြင်း၊ ပြဿနာများကို အကြမ်းဖက်နည်းဖြင့်မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းမှု (Dialogue ) နည်းလမ်းဖြင့်သာဖြေရှင်းခြင်း၊ မိမိမကြိုက်သည့်ပါတီ နိုင်သော်လည်း လုပ်ထုံးလုပ်နည်းမှန်ကန်ပါက ရွေးကောက်ပွဲရလဒ်ကို အေးချမ်းစွာလက်ခံခြင်း၊ နိုင်ငံသားများအသိပညာမြင့်မားမှုကြောင့် သတင်းတု၊ သတင်းမှားများနှင့် လုပ်ကြံဖန်တီးထားသော ဝါဒဖြန့်မှုများကို အချက်အလက်ဖြင့်ခွဲခြားဆင်ခြင်နိုင်ခြင်း၊ အခွင့်အရေးကိုသာ တောင်းဆိုမနေဘဲ နိုင်ငံသားကောင်းအနေဖြင့် တာဝန်ကျေပွန်ခြင်း၊ ခေါင်းဆောင်တစ်ဦးကို ပုဂ္ဂိုလ်ရေးအရ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုအရ မဆုံးဖြတ်ဘဲ ၎င်း၏မူဝါဒနှင့် လုပ်ဆောင်ချက်များအရသာလျှင် ဝေဖန်ထောက်ခံမှုပြုခြင်း၊ ခေတ္တယာယီအဆင်ပြေကောင်းစားသည့် မူဝါဒများထက် နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် ဝါဒလမ်းစဉ်ကိုရွေးချယ်ခြင်း၊ မိမိပါတီ၊ မိမိအုပ်စုအကျိုးစီးပွားထက် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးစဉ်းစားတတ်ခြင်း စသည်တို့ပါဝင်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ခေါင်းဆောင်မှုနေရာများတွင် ရှိနေသူများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြသောစိတ်အားထက်သန်မှု ရှိကြရမည်ဖြစ်သကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကုန်ထုတ်လုပ်သူများစသည်တို့က သက်ဆိုင်ရာကဏ္ဍအသီးသီးမှ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုသည်။ မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းမှုတွင် ပြည်သူလူထုကို စိတ်ဓာတ်တက်ကြွအောင် နှိုးဆော်မှု၊ စည်းရုံးဆော်ဩမှုတို့ကို မဖြစ်မနေပြုလုပ်ကြရမည်ဖြစ်သည်။

“မိမိတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများသည် မည်မျှပင် ကြီးမားနေပါစေ ‘ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်’ ဆိုသည့်ဆောင်ပုဒ်အတိုင်း ပြည်သူနှင့်အစိုးရသည် မဆုတ်မနစ်သည့် ဖွဲလုံ့လများနှင့် လက်တွဲညီညီဆောင်ရွက်မည်ဆိုပါက ယင်းအခက်အခဲများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပုံဖော်နိုင်မည်ဖြစ်သည်ကို မိမိကောင်းစွာယုံကြည်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်သစ်ကို တည်ဆောက်သွားမည်ဖြစ်ပြီး အတွေးအခေါ် နောက်ကျမကျန်ရစ်ခဲ့စေရန် မိမိအနေနှင့် တိုက်တွန်းလိုပါကြောင်း” နိုင်ငံတော်သမ္မတက နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ပြောကြားခဲ့ပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးကို အရှိန်ရအောင် မိမိအနေဖြင့် ၂ နှစ်အချိန်ယူမည်ဖြစ်ပါကြောင်း၊ အရှိန်အဟုန်ဖြင့် တည်ဆောက်မှုကို ၃ နှစ်အချိန်ယူဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းသည် ဦးဆောင်သူနှင့် ပြည်သူတို့ တညီတညွတ် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရခြင်းဖြစ်သည့်အလျောက် ယုံကြည်မှုအားမာန်ဖြင့် ဗွဲစိတ်သန်သန်ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | – | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | – | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | – | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | – | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## ၁ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရေဘေးလွတ်ရာရှောင်ရှားနိုင်ရန် နှိုးဆော်

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဩဂုတ် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့၌ နေရာကွက်၍ မိုးကြီးမည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၄၀ | ၃၇၇၅ | ၃၇၃၅ | ၃၆၅၅ | ၃၇၈၅ | ၃၈၀၀ | ၃၈၂၅ | ၃၇၂၀ | ၄၀၄၀ | ၄၀၈၀ | ၃၇၄၀ | ၃၈၅၅ | ၃၈၂၀ | ၃၇၈၅ | ၃၈၀၀ | ၄၀၃၅ |
| 95 Ron | ၃၆၈၅ | ၃၈၂၅ | ၃၇၈၀ | ၃၇၀၀ | ၃၈၃၀ | ၃၈၄၅ | ၃၈၇၀ | ၃၇၆၅ | ၄၀၈၅ | ၄၁၂၅ | ၃၇၈၅ | ၃၉၄၀ | ၃၈၇၀ | ၃၈၃၀ | ၃၈၄၅ | ၄၀၈၅ |
| HSD (500 ppm) | ၃၉၈၅ | ၄၁၁၅ | ၄၀၇၅ | ၄၀၀၀ | ၄၁၂၀ | ၄၁၃၅ | ၄၁၆၀ | ၄၀၆၀ | - | ၄၄၀၅ | ၄၀၈၀ | ၄၅၇၀ | ၄၁၆၀ | ၄၁၂၀ | ၄၁၃၅ | ၄၃၆၅ |
| HSD (50 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | ၅၂၃၀ | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |
| HSD (10 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၄၆ | ၃၅၄၉ |
| 95 Ron | ၃၄၉၁ | ၃၅၉၅ |
| HSD (500 ppm) | ၃၇၉၃ | ၃၈၉၉ |
| HSD (50 ppm) | ၄၅၉၈ | ၄၇၁၉ |
| HSD (10 ppm) | ၄၅၉၈ | ၄၇၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၃၄၊ **စီမံ** ၀၁–၅၄၄၃၃၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm
E-paper

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

**ရှေ့ဖုံးမှ**

ရည်ရွယ်ချက်မှာ လွှတ်တော်အကြောင်း မိတ်ဆက်ပေးရန်နှင့် လွှတ်တော်နှင့် ပြည်သူ၊ လွှတ်တော်နှင့် သတင်းမီဒီယာများအကြား ထိတွေ့နိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးများလည်း ဤခန်းမ၌ပင် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည့် အစဉ်အလာရှိပါကြောင်း။

အလားတူ နိုင်ငံတကာလွှတ်တော်များ၌လည်း သတင်းစာရှင်းလင်းပွဲများ ကျင်းပလေ့ရှိပါကြောင်း၊ အဓိကတာဝန်ဖြစ်သော ဥပဒေကြမ်းများပြုစုပြီးစီးချိန်နှင့် လွှတ်တော်၏ ပုံမှန် အစည်းအဝေးသက်တမ်းတစ်ခုပြီးဆုံးချိန်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်လေ့ရှိရာ ယခုသတင်းစာရှင်းလင်းပွဲမှာ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပြီးဆုံးချိန်တွင် ကျင်းပခြင်းဖြစ်ပါကြောင်း။

လွှတ်တော်နှင့်ပတ်သက်၍ အနည်းငယ်မိတ်ဆက်ပြောကြားလိုပါကြောင်း၊ လွှတ်တော်ကို အမိပွာယ်အမျိုးမျိုးဖွင့်ကြပြီး အနီးစပ်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအသီးသီးမှ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ လာရောက်စုစည်းထားသည့် နေရာဖြစ်ကြောင်း၊ လွှတ်တော်တွင် လွှတ်တော်နှစ်ရပ်စနစ် (Bicameral System) နှင့် လွှတ်တော်တစ်ရပ်တည်းစနစ် (Unicameral System) ဟူ၍ အမျိုးအစားများ ရှိပါကြောင်း၊ နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေနှင့် တိုင်းရင်းသားလူမျိုးများ ပါဝင်ဖွဲ့စည်းမှုအပေါ် မူတည်၍ နိုင်ငံတကာတွင် လွှတ်တော်နှစ်ရပ်ရှိသည့်နိုင်ငံများ ရှိသကဲ့သို့ လွှတ်တော်တစ်ရပ်တည်း ကျင့်သုံးသည့် နိုင်ငံများလည်း ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနှင့် လူဦးရေ ၅၁ သန်းကျော်ရှိပြီး လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါကြောင်း၊ ယနေ့ သတင်းစာရှင်းလင်းပွဲသည် အခြားနိုင်ငံများ၌ အောက်လွှတ်တော်ဟုခေါ်ဝေါ်သည့် ပြည်သူ့လွှတ်တော်နှင့် ပတ်သက်သည့် တွေ့ဆုံပွဲဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ကို နယ်မြေနှင့်လူဦးရေအပေါ် အခြေခံ၍ မြို့နယ် ၃၃၀ အတွက် ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ နှင့် တပ်မတော်သားကိုယ်စားလှယ် ၁၁၀၊ စုစုပေါင်း ၄၄၀ ရှိရမည်ဖြစ်သော်လည်း လက်ရှိတွင် လစ်လပ်နေရာများရှိနေသဖြင့် ကိုယ်စားလှယ် ၃၅၁ ဦးဖြင့်သာ ဖွဲ့စည်းထားပါကြောင်း။

ပြည်သူ့လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန် (၄)ရပ်ရှိရာ ပထမတာဝန်မှာ ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်ဖွဲ့စည်းခြင်းနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ရှိ အကြီးအကဲများကို ရွေးချယ်အတည်ပြုပေးရခြင်း ဖြစ်ပါကြောင်း၊ ဒုတိယတာဝန်မှာ ဥပဒေပြုရေးလုပ်ငန်းဖြစ်ပြီး လက်ရှိတည်ဆဲဥပဒေများကို ခေတ်စနစ်နှင့်အညီ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းနှင့် အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တတိယတာဝန်အနေဖြင့် ကျန်မဏ္ဍိုင်များကို ပေါင်းစပ်ညှိနှိုင်းခြင်း(Check and Balance) ပြုလုပ်ရပြီး စတုတ္ထတာဝန်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူကို ကိုယ်စားပြုခြင်း (Represent) အဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

အဆိုပါတာဝန်များကို အကောင်အထည်ဖော်ရန် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားပြီး အမြဲတမ်းကော်မတီ (Standing Committee) ၄ ခုနှင့် သီးခြားကော်မတီ (Select Committee) ၁၈ ခု၊ စုစုပေါင်း ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ ယင်းကော်မတီများကို လွှတ်တော်ငယ်များ သို့မဟုတ် လွှတ်တော်၏ ထောက်တိုင်များဟု ခေါ်ဆိုကြပြီး လွှတ်တော်လုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် အလွန်အရေးပါကြောင်း။

လွှတ်တော်သည် အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးပေးသည့် ကြားခံအဖွဲ့အစည်းဖြစ်ပြီး “ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက်လွှတ်တော်က ဖော်ဆောင်ရွက်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် လွှတ်တော်နှင့်ပြည်သူအကြား ချိတ်ဆက်ပေးရန်နှင့် ပြည်သူယုံကြည်အားကိုးရသော နိုင်ငံတော်အတွက် အထောက်အကူပြုသည့် လွှတ်တော်ကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဝိုင်းဝန်းကူညီပေးကြရန် ရည်ရွယ်၍ ယခုသတင်းစာရှင်းလင်းပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာနန္ဒာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် စုစုပေါင်း ၄၈ ဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေးသည် အဓိကကျပြီး အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရမည်

**နေပြည်တော် ဩဂုတ် ၁**

ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေးသည် အဓိကကျပြီး အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ လုပ်ငန်းခွင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ဥပဒေပါ ရပိုင်ခွင့်များရရှိနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိစက်မှုဇုန်ရှိ Maple Win အထည်ချုပ်စက်ရုံနှင့် ချင်းတွင်းတံခွန်အထည်ချုပ်စက်ရုံများတို့၌ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ (OSH) ကော်မတီဝင်များ၊ အလုပ်သမားများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။



ထို့နောက် စက်ရုံ၌ လူမှုဖူလုံရေးအဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် လုပ်ငန်းခွင်အရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှု အားပေးသည်။ (ဓာတ်ပုံ)

ကွင်းဆင်း ဆေးကုသမှုဆောင်ရွက်ရာတွင် အာမခံအလုပ်သမားများအား လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ပေးခြင်း၊ နောက်ဆက်တွဲရောဂါများဖြစ်ပွားမှု နည်းပါးစေရန် လိုက်နာဆောင်ရွက်ရမည့် အမူအကျင့်များကို အသိပညာပေးပြောကြားခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးဝါးထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလုပ်သမား ဝန်ကြီးဌာနသည် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တွင် အကျုံးဝင်အလုပ်ဌာနပေါင်း ၁၁၃၅ ဌာနနှင့် အာမခံအလုပ်သမားဦးရေ ၂၈၉၆၀ ရှိပြီး မြို့နယ်လူမှုဖူလုံရေး ဆေးခန်း သုံးခန်း၊ စာချုပ်ဆေးခန်း ငါးခန်း၊ ဌာနကြီးဆေးခန်း လေးခန်းတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက် ရှိသလို တိုင်းဒေသကြီး / ပြည်နယ်များရှိ အာမခံအလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း ခေတ်မီဆေးပစ္စည်း ကိရိယာများ၊ ဆေးဝါးများ ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**■ ရှေ့ဖုံးမှ**

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။ **မိုး/ဇလ**

**ရှေ့ဖုံးမှ**

ကျန်းမာရေး စစ်ဆေးပေးပြီး အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် တာဝန်ရှိသူများက သွေးအလှူရှင်များကို ကြည့်ရှုအားပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့ပြင် သွေးအလှူရှင်များကို နံနက်စာနှင့် နေ့လယ်စာတို့ဖြင့် ကျွေးမွေးဧည့်ခံပြီး ဆေးဝါး၊ အားဖြည့်အစားအစာများ၊ အမှတ်တရတီရှပ်အင်္ကျီနှင့်ထောက်ပံ့အလှူငွေများ ပေးအပ်ကြသည်။ **သတင်းစဉ်**

**❑ ရှေ့ဖုံးမှ**

ကြိုးလွန်းဖွာနေခြင်း၊ ကြွေသီးတွဲများ ကွဲနေခြင်းနှင့် Arching Horn များ မီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရပါသဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ် တည်ငြိမ်မှုကို မြှင့်တင်နိုင်ပြီး မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၂ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း ရေပေါင်းဆုံနှင့် ယင်းမာပင်မြို့နယ်များတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာ့အလင်း

တနင်္ဂနွေ၊ ဩဂုတ် ၂၊ ၂၀၂၆

# လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှု လျှော့နည်းပပျောက်စေရန် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများကို မီတာများ လျင်မြန်စွာတပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုအခါ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုကို လျှော့နည်းပပျောက်စေရန်အတွက် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်းနှစ်၂၀ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများအား မီတာများ လျင်မြန်စွာတပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ Digital Smart Meter များအား အသုံးပြုမည့်ပြည်သူများလက်ဝယ်သို့ မဖြန့်ဖြူးမီလုံခြုံရေး Seal ခတ်နှိပ်နေသည့် မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအား အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နေသည့် AMI Control Center နှင့် ဓာတ်အားကွပ်ကဲရေးဌာနခွဲ (နေပြည်တော်) ရှိ National Control Center တို့ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအပိုင်း၌ နေ့စဉ်ပို့လွှတ်သည့် ဓာတ်အားပမာဏ၏ ၁၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၁၀ ဒသမ ၇ ယူနစ်သန်းခန့် ဆုံးရှုံးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့် ပျမ်းမျှ ငွေကျပ်သန်းပေါင်း ၂၇၅၀ ကျော် နေ့စဉ်ဆုံးရှုံးလျက်ရှိသည့်အတွက် လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံ (Infrastructure) များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ခြင်း မရှိသည့်အပြင် လျှပ်စစ်ဓာတ်အား သုံးစွဲလိုသူ ပြည်သူများအနေဖြင့်လည်း သုံးစွဲနိုင်မှုအခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိသည်။

ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ဘက်စုံမှတွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဝေန်တာကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့်လေးမျက်နှာမြို့ ရပ်ကွက် ငါးခုနှင့် ကျေးရွာ ကိုးရွာရှိ လူဦးရေ ၈၃၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**လေးမျက်နှာ ဩဂုတ် ၁**

ဝေန်တာ ကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက်ငါးခုနှင့် ကျေးရွာကိုးရွာရှိ အိမ်ခြေ ၁၇၃၄ လုံး၊ အိမ်ထောင်စု ၁၇၆၄ စုမှ လူဦးရေ ၈၃၈၂ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာဖိုးငွေကျပ်သန်း ၄၁ ဒသမ ၉၁၀ နှင့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥနှင့် ရေသန့်စသည့် အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၄၁ ဒသမ ၆၅၁ သန်းကျော် စုစုပေါင်း တန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်နှင့် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စားသောက်ဖွယ်ရာများကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်အတူ စာရေးကွင်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်း ယာယီရေဘေး ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။



ဆက်လက်၍ တာအလျားပေ ၃၀ ခန့်တွင် ငါးပေ နိမ့်ဆင်းပြီး အကျယ်ပေ ၁၇၀ ကျိုးပေါက်မှုကို ပြန်လည်ပြုပြင်တည်ဆောက်မည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် လေးမျက်နှာမြို့ပေါ် ရပ်ကွက်များတွင် လူနေအိမ်များအတွင်း ရေဝင်ရောက်မှု အခြေအနေ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များက ရေဘေးသင့် ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စာအုပ်မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၁**

စွယ်တော်ပုံနှိပ်တိုက်မှ ထုတ်ဝေကာ အငြိမ်းစားသံအမတ်ကြီး ဒေါက်တာ လှမောင်၏ လူတစ်ဦး ဘဝခရီးအစမှ ပညာသင်ဘဝ၊ ဝန်ထမ်းဘဝ၊ သားကောင်းတမန် ဘဝအတွေ့အကြုံများ ဘဝအဖြစ်အပျက်မှတ်တမ်း အဖုံဖုံ ရေးသားထုတ်ဝေထားသည့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး )က ဂုဏ်ပြုစကားပြောကြားပြီး အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်က မိမိ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ထွက်ရှိလာမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ဦးကိုကိုလတ်၊ စွယ်တော်ပုံနှိပ်တိုက်မှ ဦးတင်အောင်ကျော်တို့က အမှတ်တရစကားများ ပြောကြားခြင်း၊ အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်၏ သမီးကြီးဖြစ်သူ ဒေါ်ခင်မာနွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခြင်းတို့ ဆောင်ရွက်ကြသည်။



သံအမတ်ကြီး ဦးလှမောင် (ဘောဂ)၊ သံအမတ်ကြီးဒေါက်တာလှမောင် (ဘောဂ) ကလောင်အမည်ဖြင့် သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းတို့တွင် လူမှု၊ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့ပြီး သုတေသနစာတမ်းပေါင်း ၂၀၀ ခန့် ရေးသားပြုစုခဲ့ကာ ယခုကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ စာအုပ်အပါအဝင် လုံးချင်းစာအုပ် စုစုပေါင်း ၁၂ အုပ် ရေးသားပုံနှိပ်ထုတ်ဝေခဲ့ကြောင်း သိရသည်။

**ကျော်ကြီး**

# စလင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးလှူဒါန်း

**စလင်း ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပေါင်းနားရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူကလေးငယ်များအား အာဟာရဖြည့်အစားအစာ ကျွေးမွေးလှူဒါန်းခြင်းကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခေတ္တဥက္ကဋ္ဌ မိုးဇော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းအဖွဲ့တို့က အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅၈ ဦးတို့ကို အာဟာရဖြည့်စွက် အစားအစာများ ကျွေးမွေးခဲ့သည်။ **မောင်လွင်(စလင်း)**



◆ *ရွှေ့ဖုံးမှ*

မြန်မာလူမျိုးတို့၏ သဒ္ဓါတရားနှင့်ယုံကြည်ကိုးကွယ်မှုအရ ပြည်တွင်းဘုရားဖူး ခရီးသွားအများစုသည် မြစေတီဘုရားသို့ ရောက်ရှိချိန်တွင် ရာဇကုမာရ်ကျောက်စာထားရှိရာ ကျောက်စာရုံအတွင်းသို့ ငွေကြေးများပစ်သွင်းလှူဒါန်းလေ့ရှိကြသည်။ အဆိုပါ ကျောက်စာတိုင်သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ် ကျောက်စာဖြစ်သဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်း ထိခိုက်ပျက်စီးမှုမရှိစေရေး၊ သုတေသီများ၊ ပြည်တွင်း/ပြည်ပခရီးသွားများနှင့် ကျောက်စာလေ့လာလိုသူများအတွက် အနှောင့်အယှက် မဖြစ်စေရေး၊ မြင်ကွင်းထိခိုက်မှု မရှိစေရေးတို့အတွက် ကျောက်စာတိုင်ကို ကာရံထားသည့် သံတိုင်အတွင်းသို့ ငွေလှူဒါန်း၍ မရနိုင်စေရန် သံဆန်ခါအစိတ်ဖြင့် ထပ်မံကာရံသွားမည် ဖြစ်သည်။

ဘုရားဖူးပြည်သူများအနေဖြင့် မြစေတီဘုရားတွင် အလှူငွေလှူဒါန်းလိုပါက ဂေါပကအဖွဲ့က သတ်မှတ်ထားရှိသည့် အလှူခံပုံးများနှင့် သတ်မှတ်နေရာများ၌သာ စနစ်တကျ လှူဒါန်းကြရန်လည်း အသိပေးထားသည်။ ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ လေးဘာသာဖြင့် ရေးထိုးထားသည့် ရာဇကုမာရ်ကျောက်စာသည် မြန်မာစာပေသမိုင်းတွင် အပြည့်စုံဆုံးနှင့် မြန်မာစာအရေးအသား အစောဆုံး ကျောက်စာအဖြစ်ထင်ရှားပြီး ၂၀၁၅ ခုနှစ်တွင် ယူနက်စကို (UNESCO) ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်း (Memory of the World Register)ဝင်အဖြစ် သတ်မှတ်ခံထားရသည့် ကျောက်စာတစ်ချပ် ဖြစ်သည်။ **TWA**

သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။

## နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ရန်ကုန်-ပြည်ရထားလမ်းပိုင်း၌ ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲ

**ပြည် ဩဂုတ် ၁**

ရန်ကုန် - ပြည်ရထားလမ်းပိုင်းတွင် အမှတ်(၇၃) အဆန်/ အမှတ်(၇၄)အစုန်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ စတင်ပြေးဆွဲခြင်းဖွင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်ဘူတာ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း **(အောက်ပုံ)**က အမှာစကားပြောကြားပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်- ပြည်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့ခြင်းနှင့် အမှတ်(၇၃)အဆန်/ အမှတ်(၇၄) အစုန်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ ပြေးဆွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ခေတ်မီ DEMU ရထားတွဲဆိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စတင်ထွက်ခွာမည့် ခေတ်မီ DEMU ရထားစက်ခေါင်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေး၍ ရထားပေါ် လိုက်ပါလာသည့် ခရီးသွားပြည်သူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## မော်လမြိုင်မြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ညောင်ပင်ဆိပ်ရပ်ကွက် အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်) နှင့် စက်မှုဇုန်ရှေ့တို့တွင် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှု အားပေးကြသည်။

မွန်ပြည်နယ်အတွင်းရှိမြို့နယ်တိုင်းတွင် မြို့သန့်ရှင်းသာယာလှပမှုရှိစေရေး၊ စွန့်ပစ်အမှိုက်များ ကင်းရှင်းစေရေးအတွက် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက အပတ်စဉ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

**ကျေးရွာသစ်တော ထင်းမှော်အိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့။**

## မကွေးမြို့ အမှတ်(၃)အခြေခံပညာကျောင်း၌ ကျောင်းသား ကျောင်းသူများ တစ်သျှူးငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး

**မကွေး ဩဂုတ် ၁**

အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် မကွေးမြို့ရှိ အမှတ်(၃) အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ကျောင်းဝင်းအတွင်း တစ်သျှူးငှက်ပျောပင်များ စုပေါင်းစိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များလည်း တက်ရောက် စိုက်ပျိုးပေးကြသည်။




ယနေ့တွင် တစ်သျှူးငှက်ပျောပင် စုစုပေါင်း ၇၀၀ ကို စုပေါင်းစိုက်ပျိုးကြပြီး ကျောင်းသား ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးအတွက် တစ်သျှူးငှက်ပျောပင်များကို တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆက်လက်စိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## လူငယ်ကြက်ခြေနီဖိုရမ် ကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

သုံးနှစ်တာအတွင်း ပထမဆုံး ပြန်လည်ကျင်းပနိုင်ခဲ့သည့် အမျိုးသားအဆင့် လူငယ်ကြက်ခြေနီဖိုရမ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Rose Garden Hotel တွင်ကျင်းပပြီး နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုမှ လူငယ်ကြက်ခြေနီခေါင်းဆောင် ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားတွင် လူငယ်များသည် ရပ်ရွာလူထု၏ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ရာတွင် အဓိကအင်အားစုများဖြစ်ကြပြီး ဒေသတွင်းကွဲပြားမှုများကို ပေါင်းကူးချိတ်ဆက်ပေးခြင်း၊ ဒီဂျစ်တယ်သတင်းအမှားများကို တုံ့ပြန်ကိုင်တွယ်ခြင်းနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia KHOURY နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Head of Programs & Prevention Mr. Xavier Collard de Macquerh တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဖိုရမ်ကို အစီအစဉ်အတိုင်းကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**(၁-၈-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၀-၆-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁-၇-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ခေါင်လန်ဖူးလွမ်းချင်း

မြင့်စိုး(နတလ)

**လွမ်းချင်းအစ ရီဒမ်းတံတားက**

တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ ၁၅ ရက်မြောက်နေ့ဖြစ်သော ၂၀၂၆ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ မွန်းလွဲပိုင်းက ကျင်းပသည့် အစည်းအဝေး၌ ကချင်ပြည်နယ် ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆင်ဆုန်းက ပူတာအို-မဂွေဇ-ခေါင်လန်ဖူးကားလမ်းပေါ်ရှိ မေခမြစ်ကူး ရီဒမ်းတံတားအား အပြီးသတ်တည်ဆောက်ပေးရန် အစီအစဉ် ရှိမရှိ သက်ဆိုင်ရာဝန်ကြီးဌာနအား မေးခွန်းမေးမြန်းခြင်းမှ အစပြုကာ ပူတာအို၊ မချမ်းဘော့၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးဒေသများဆီသို့ လွမ်းချင်းဦးကာဖွင့်မိပါတော့သည်။

စာရေးဆရာကြီး မင်းကျော် ကျွန်တော်တို့ လေးမျက်နှာမြို့လေးဆီသို့ ဆရာ မောင်နေဝင်း၊ ဆရာနတ်နွယ်၊ ရုပ်ရှင်သရုပ်ဆောင် ကိုသုမောင်တို့နှင့်အတူ ၁၉၇၂ ခုနှစ်၌ စာပေဟောပြောပွဲလာရောက်အပြီး လေးမျက်နှာမြို့နယ်၊ မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးအောင်ပွဲ အထိမ်းအမှတ်မဂ္ဂဇင်းအတွက် စာမူတစ်ပုဒ်ရေးသားပေးပို့ချီးမြှင့်ခဲ့ပါသည်။ စာမူအမည်က "လေးမျက်နှာလွမ်းချင်း" ဟူ၍ဖြစ်သည်။ ဤသို့ အမည်ပေးရေးသားခြင်းကို အလွန်သဘောကျသဖြင့် ကျွန်တော်ရောက်ခဲ့ဖူးသော နယ်စပ်ဒေသများအကြောင်း ရေးသားတင်ပြသောအခါ ဟိုမိန်းလွမ်းချင်း၊ ကစ္ဆပနဒီလွမ်းချင်း၊ မိုင်းကိုင်လွမ်းချင်းဟူ၍ အမည်များပေးဖြစ်ခဲ့သည်။ ယခုလည်း ခေါင်လန်ဖူးလွမ်းချင်းကို ကျွန်တော်ရေးဖွဲ့လိုက်ပါပြီ။

**ရည်မှန်းဖူးမြော်ကောင်းမှုလုံစေတီတော်**

ပူတာအို၊ နောင်မွန်၊ ခေါင်လန်ဖူး ဒေသဟုဆိုလိုက်သည်နှင့် မြစ်မင်းဧရာဝတီအစပြုရာ မေခနှင့်မလိခမြစ်နှစ်မြွာကို မေ့ထား၍ မရပေ။ ရဝမ်တိုင်းရင်းသားဘာသာစကားအရ မေခမြစ်ကို ရမေထီဟုခေါ်ဝေါ်ကြပြီး ရေစီးကြမ်းသောမြစ်ဟု အဓိပ္ပာယ်ရသည်။ ထို့အတူ မလိခမြစ်ကို မလိထီဟု ခေါ်ဆိုကြပြီး ရေစီးညင်သာသောမြစ်ဟု အဓိပ္ပာယ်ရကြောင်း လေ့လာသိရှိရသည်။

အထက်တွင် ကောင်းမှုလုံ၊ အလယ်တွင် ရွှေစည်းခုံ၊ အောက်မှာ ရွှေတိဂုံဆိုသည့် ရှေးရိုးစကားစဉ်လာနှင့်အညီ ကောင်းမှုလုံစေတီတော်မြတ်သည် ပူတာအိုဒေသတွင် ထင်ရှားသည့်စေတီတစ်ဆူဖြစ်ပါသည်။ ပူတာအိုမြို့၏ အရှေ့ဘက် ၁၀ မိုင်၊ မချမ်းဘော့မြို့၏ မြောက်ဘက် ၁၂ မိုင်အကွာ မလိခမြစ်ကမ်းဘေးတွင်တည်ရှိကာ တိုင်းခမ်းတီရှမ်းဘာသာစကားအရ (စပ်ကောင်းမှုလုန်) ဟု ဘွဲ့မည်ရပြီး ကြီးမြတ်သောစေတီတော်ဟု အဓိပ္ပာယ်ရသည်။

နောက်ထပ်ထင်ရှားသော စေတီတစ်ဆူမှာ နတ်ကျွန်းစေတီဖြစ်သည်။ ပူတာအိုမြို့မှ ၁၄ မိုင်ကွာဝေးသော မချမ်းဘော့မြို့လေးအနီးရှိ နောင်ခိုင်ကျေးရွာမှ မလိခမြစ်အတိုင်း စက်လှေဖြင့် မိနစ် ၂၀ ခန့် စုန်ဆင်းလိုက်လျှင် နတ်ကျွန်းစေတီကို ဖူးတွေ့နိုင်ပါသည်။ မြင့်မားသောကျောက်ကလပ်ကြီးပေါ်တွင် တည်ထားခြင်းဖြစ်ပြီး တင့်တယ်သပ္ပာယ်လှပေသည်။ အပြန်ခရီးကမူ မလိခမြစ်ကို ဆန်ရသဖြင့် ၂၅ မိနစ်ခန့်ကြာမြင့်သည်။ ပူတာအိုဒေသတွင်း၌ အခြားထင်ရှားကျော်ကြားသော ဘုရားတစ်ဆူမှာ ကျောက်နဂါးဘုရားဖြစ်သည်။

**အိပ်မက်လမ်း(သို့မဟုတ်)**
**မဂွေဇ-ခေါင်လန်ဖူးကားလမ်း**

ဒေသခံတိုင်းရင်းသားအားလုံး၏ အိပ်မက်လမ်း(သို့မဟုတ်)မဂွေဇ-ခေါင်လန်ဖူးကားလမ်း ၆၅/ ၄ မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းကို အကြောင်းပြု၍ ထိုဒေသများသို့ ကျွန်တော်ရောက်ခွင့် ကြုံခဲ့ခြင်းဖြစ်သလို ဖုန်ကန်ရာဇီရေခဲတောင်၏ အလှများ၊ မူလာရှီးဒီကြိုးတံတားနှင့် ပူတာအို၏ အထင်ကရ



မေခမြစ်ကူး ရီဒမ်းကြိုးတံတား။

မီးခွက်စျေး အရှေ့မှအနောက် ၁၅ မိုင်၊ တောင်မှမြောက်သို့ ၂၅ မိုင် ကျယ်ဝန်းသောပူတာအိုလွင်ပြင်ကြီး စသည်တို့ကို မြင်ဖူး တွေ့ဖူးခဲ့ခြင်းဖြစ်သည်။

မဂွေဇ-ခေါင်လန်ဖူးလမ်းကို ဒေသခံတိုင်းရင်းသားအားလုံး၏ အိပ်မက်လမ်းဟု ကျွန်တော်ညွှန်းဆိုရခြင်းမှာ အဆိုပါ လမ်းကြီးပေါ်ပေါက်လာစေရေးအတွက် ရဝမ်၊ လီဆူ တိုင်းရင်းသားအားလုံးက ဆယ်စုနှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားခဲ့ကြရ၍ဖြစ်သည်။ ပူတာအိုမှ ခေါင်လန်ဖူးအထိ ၁၃၂ မိုင် ၄ ဖာလုံ ကွာဝေးသောခရီးကို ရှေးယခင်က ၁၂ ရက်ခန့် ခြေကျင်လျှောက်ပြီး ပင်ပန်းဆင်းရဲကြီးစွာ သွားလာခဲ့ကြရသည်။ ပင်ပန်းမှုဒဏ်၊ လမ်းခရီးတွင် ဖျားနာမှုဒဏ်တို့ကြောင့် သွားရင်းလာရင်း အသက်ဆုံးပါးသွားရသော တိုင်းရင်းသားများစွာရှိခဲ့သည်။

မဂွေဇနှင့် ခေါင်လန်ဖူးအကြား၌ အမြင့်ပေ ၇၇၀၀ ရှိ ဆန်းလွတ်ချက်ကျောက်တောင်ကြီးတည်ရှိနေပေရာ လူနှင့်လား၊ မြင်းများ ခက်ခက်ခဲခဲဖြတ်ကျော်ခဲ့ကြရသည်။ ကျောက်တောင်ကြီး ထိပ်ကိုကျော်ပြီးတိုင်း ငါတို့အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီ၊ ဘေးအန္တရာယ်ကင်းခဲ့ပြီဆိုသည့် အထိမ်းအမှတ်သဘောလားတော့ မသိ၊ ကျောက်တုံးကျောက်ခဲအရွယ်အစားအမျိုးမျိုး တစ်လုံးစီကို တောင်ထိပ်မှာချထားခဲ့ကြရာ လမ်းဖောက်ရင်း တွေ့ခဲ့ရသည်။

ပူတာအိုမှနောင်မွန်သို့လည်းကောင်း၊ မဂွေဇမှ ခေါင်လန်ဖူးသို့လည်းကောင်း၊ ကားလမ်းမပေါက်မီ အသက်ဆုံးရှုံးသွားရသူများစွာထဲမှ ကျွန်တော်သိခွင့်ရခဲ့သူအချို့ ရှိနေပါသည်။ ပူတာအိုမှ ၄၅ မိုင်အကွာ အူရင်ဂါးကျေးရွာမှ ဗိုလ်တဲစောင့်ကြီး၏ သမီးလေး၊ ရဝမ်တိုင်းရင်းသူ မဇိန်ဒမ်းနန်ရမ်၊ အသက် ၂၄ နှစ်သည် မီးမဖွားနိုင်သောကြောင့် ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ကားလမ်းပေါက်ပြီး အချိန်မီ ဆေးရုံပို့နိုင်ခဲ့ပါမူ အူရင်ဂါး ကျေးရွာလမ်းဘေးမှာ သူ၏ အုတ်ဂူလေးကို ကျွန်တော် တွေ့မြင်ရမည်မဟုတ်ပေ။ နောက်တစ်ဦးက ဆရာမလေးဇယ်နော၊ လည်ဇယ်နော။ ကျောင်းဆရာမအလုပ်ကို ဝါသနာ ပါလွန်း၍ မြစ်ကြီးနားမှာ PPTT ဝင်ဖြေသည်။ အောင်မြင်ပြီးနောက် ခေါင်လန်ဖူးမှ မိုင် ၄၀ ဝေးကွာသော ဖန်တုံအလက(ခွဲ)မှာ တာဝန်ကျသည်။ ၂၀၁၈ ခုနှစ် ဇွန်လ၌ အလုပ်ဝင်ရန် ပူတာအို-ရပ်ဘော့-မဂွေဇ-ခေါင်လန်ဖူး-ဖန်တုံခရီးစဉ်ကို ကားတစ်တန်၊ ဆိုင်ကယ်တစ်တန်၊ ခြေကျင်တစ်တန် ခရီးနှင်ခဲ့သည်။

ဆိုရသော် ခရီးအလွန်ပန်းခဲ့၏။ ရွာကိုရောက်သည့်အခါ ဖျားနာနေသောရွာသူ ရွာသားများကို မိမိပါလာသော ဆေးဝါးများမျှဝေပေးပြီး သက်သာပျောက်ကင်းစေခဲ့သည်။ သို့သော် သူနေမကောင်းဖြစ်လာသောအခါ သောက်ရန်ဆေးမရှိတော့။ အပြင်းဖျားလာသောကြောင့် ရွာလူကြီးတွေက မြန်မာ-တရုတ်နယ်စပ်က ရှိန်းခေါင်ကျေးရွာလေးသို့ ပို့ဆောင်ကုသပေးပါသော်ငြားလည်း ဆရာမလေးဇယ်နောသည် သူမြတ်နိုးသော ကျောင်းဆရာမအလုပ်နှင့် ဖန်တုံ အလက(ခွဲ)မှ တပည့်လေးများကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် နှုတ်ဆက်ခွဲခွာသွားခဲ့သည်။

နောက်တစ်ဦးကတော့ ခေါင်လန်ဖူးမြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပီတာ၏ ဇနီးဖြစ်သူ ဒေါ်ဖုန်ဇီးမေရမ်ဖြစ်သည်။ အသက် ၂၀ မျှသာရှိသေးသော်ငြားလည်း နေမကောင်းဖြစ်၍ ပူတာအိုဆေးရုံသို့ ပို့ဆောင်စဉ် မဂွေဇသို့ မရောက်မီ ၈ မိုင်ခန့်အကွာနေရာ၌ အသက်ဆုံးပါးသွားခဲ့သည်။ ၁၉၉၇ ခုနှစ်က ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသက်ပေါင်းများစွာ ရှိသေး၏။

> **ပူတာအို၊ နောင်မွန်၊ ခေါင်လန်ဖူးဒေသဟု ဆိုလိုက်သည်နှင့် မြစ်မင်းဧရာဝတီ အစပြုရာ မေခနှင့် မလိခမြစ် နှစ်မြွာကို မေ့ထား၍ မရပေ။ ရဝမ်တိုင်းရင်းသားဘာသာစကားအရ မေခမြစ်ကို ရမေထီဟုခေါ်ဝေါ်ကြပြီး ရေစီးကြမ်းသောမြစ်ဟု အဓိပ္ပာယ်ရသည်။ ထို့အတူ မလိခမြစ်ကို မလိထီဟု ခေါ်ဆိုကြပြီး ရေစီးညင်သာသောမြစ်ဟု အဓိပ္ပာယ်ရကြောင်း လေ့လာသိရှိရ**

**အိပ်မက်လမ်းကြီး စတင်ဖောက်လုပ်**

ဤသို့ ခေါင်လန်ဖူးဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများအပါအဝင် ရဟန်းရှင်လူပြည်သူအများ နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည့် ဆင်းရဲဒုက္ခများ ကင်းဝေးစေရန်အတွက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ရေးရာဝန်ကြီးဌာနသည် တပ်မတော်၏ အကူအညီကို ရယူပြီး မဂွေဇ-ခေါင်လန်ဖူးကားလမ်း ၆၅/ ၄ မိုင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့သည်။

လွယ်ကူလှသည်တော့ မဟုတ်ပါ။ ယာဉ်/ ယန္တရားများအတွက် လိုအပ်သောစက်သုံးဆီတွေ၊ ကျောက်မိုင်းများခွဲရန်အတွက် ယမ်းတွေကို လေယာဉ်၊ ရဟတ်ယာဉ်များနှင့်ပင် တပ်မတော်က ကူညီသယ်ယူပို့ဆောင်ပေးခဲ့ရသည်။ အင်ဂျင်နီယာတပ်ဖွဲ့များကိုလည်း လုပ်ငန်းအစမှအဆုံး တွဲဖက်ပေးထားသည်။ လမ်းဖောက်လုပ်ရေးစီမံကိန်းကို အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ကြသည်။ မိုင် ၃၀ နှင့် ၃၂ ကြား ဆန်းလွတ်ချက် ကျောက်တောင်ကြီးနေရာကို အလွန်ခက်ခဲစွာ ဖောက်လုပ်ဖြတ်ကျော်ခဲ့ရသည်။

တစ်နေ့လုံးဖောက်ပါမှ ၁၀ ပေ ရှေ့မရောက်ခဲ့သော နေ့ရက်တွေ ရှိခဲ့သည်။ ကျောက်မိုင်းခွဲရင်း အညာဒေသ တန့်ဆည်သားလေးများဖြစ်သော ကိုကျော်သူ ၃၄ နှစ်၊ မောင်ရဲရင့်အောင် ၂၃ နှစ်တို့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့၌ ကွယ်လွန်ခဲ့ရရှာသည်။ သူတို့၏ အုတ်ဂူလေးနှစ်လုံးကို မဂွေဇ ရဟတ်ယာဉ်ကွင်းအနီး၌ ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။ သို့သော် တပ်မတော်၊ နယ်စပ်ရေးရာဌာန၊ ဒေသခံပြည်သူများ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မဂွေဇ-ခေါင်လန်ဖူးကားလမ်း ၆၅ မိုင် ၄ ဖာလုံကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ခေါင်လန်ဖူးမြို့သို့အရောက် ဖောက်လုပ်နိုင်ခဲ့ပါသည်။ အချိန်ကာလအားဖြင့် ၄ နှစ်နှင့် ၈ လ ကြာမြင့်ခဲ့ပါသည်။

**သိမှတ်ဖွယ်ရာ မြို့ရွာလေးများ**

ပူတာအိုမှ ၁၄ မိုင်သာကွာဝေးသော မချမ်းဘော့မြို့လေးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၄၀၀ တွင် တည်ရှိပြီး လူဦးရေ ၉၀၀၀ ကျော်မှီတင်းနေထိုင်လျက်ရှိသည်။ မချမ်းဘော့သည် ဂျိမ်းဖောဘာသာစကားအရ မကျန်ဘော့မှ ဆင်းသက်လာခြင်းဖြစ်ကြောင်း သိရသည်။ မကျန်ဆိုသည်မှာ မကျန်ချောင်း၏အမည်၊ ဘော့က မြစ်ဆုံဟု အဓိပ္ပာယ်ရသောကြောင့် မကျန်ချောင်းနှင့် မလိခမြစ်တို့ ပေါင်းဆုံသောနေရာဟု အဓိပ္ပာယ်ရသည်။

မချမ်းဘော့မြို့လေးရှိ ဂူဘားရိပ်သာမှာ နာမည်ကျော်ကြားထင်ရှားခဲ့သည်။ နောင်မွန်မြို့လေးကမူ ရဝမ်ဘာသာစကားအရ လုံမုန်မှ ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ လုံဆိုသည်မှာ ကျောက်ကို ခေါ်ပြီး မုန်က အဖြူရောင်ကို ဆိုလိုသည်။ အဖြူရောင်ကျောက်များထွက်ရှိရာ အရပ်ဟု အဓိပ္ပာယ်ရပေလိမ့်မည်။ ၁၉၅၈ ခုနှစ်တွင် မြို့နယ်အဆင့်သတ်မှတ်ခဲ့ပြီး လူဦးရေ ၆၀၀၀ ကျော်နေထိုင်ကြသည်။ နောင်မွန်မြို့၏ အနောက်မြောက်ယွန်းယွန်းတွင် အမြင့်ပေ ၁၉၂၉၆ ပေရှိ ဆီးနှင်းများ ထာဝစဉ်ဖုံးလွှမ်းနေသော ခါကာဘိုရာဇီတောင်ထွတ်ကြီးရှိနေသည်။ ခါကာဘိုရာဇီကို ရဝမ်ဘာသာစကားဖြင့် အထန်ဘွန်ရာဇီဟုလည်း ခေါ်ကြသည်။ အထန်ဘွန်ဆိုသည်မှာ အလွန်မြင့်မား၍ အဘက်ဘက်မှ ရှင်းလင်းပြတ်သားစွာမြင်ရသော၊ ဘွန်ဆိုသည်မှာ ဝပ်စင်းနေခြင်း၊ ရာဇီက တောင်ဟုအဓိပ္ပာယ်ရသောကြောင့် အဘက်ဘက်မှ ရှင်းလင်းပြတ်သားစွာ မြင်နေရသည့်မြင့်မားသောတောင်ကြီးဟု ခေါ်ဆိုရပေမည်။

မဂွေဇမှ ရပ်ဘော့ကို ဖြတ်၍ သွားရသော အမြင့်ပေ ၅၈၀၀ ဝိုင်ဖီတောင်ကြောကြီးကို ဖြတ်ရသော၊ ဝိုင်ဖီတောင်ကြောနားမှာ လှပစွာတည်ရှိနေသည့် ရေတံခွန်ငယ်များကို ဖြတ်သန်းသွားရသော ပန်နန်းဒင်မြို့လေးကမူ ရပ်ကွက် ၁ ခု၊ အိမ်ခြေ ၂၂ အိမ်၊ အိမ်ထောင်စု ၂၀၊ လူဦးရေ ၁၁၉ ဦးခန့်သာ ရှိနေပါသည်။ မြို့နယ်ခွဲအဆင့် ဖြစ်ခဲ့ဖူးသည်။ ပတ်ဝန်းကျင်၌မူ ငွါဝါ၊ ဒွန်ဒမ်း၊ တဆူထု၊ အလီအောင်၊ မခွမ်ကန်ဆိုသည့် ကျေးရွာအုပ်စု ၅ ခု ဝန်းရံနေပြီး လူဦးရေ ၁၈၀၀ ခန့် နေထိုင်ကြကာ ရဝမ်တိုင်းရင်းသားက အများဆုံးဖြစ်သည်။ မြောက်ဘက်၌ တိဗက်လူမျိုးအနည်းငယ်ရှိသည်။

ပူတာအိုမှ ခရီးစဉ်စမည်ဆိုလျှင် ပူတာအို-မချမ်းဘော့-အလန်ဂါး-ထန်ဂါး-အူရင်ဂါး-ဘဘော့-မဂွေဇသို့ ၆၇ မိုင်ဖြစ်ပြီး မဂွေဇမှ ခေါင်လန်ဖူးထိ ၆၅ မိုင် ၄ ဖာလုံ ခရီးတွင်မူ ငွါလုံဒမ်း-လုံးတုံဗိုလ်တဲ-ဆီဆုံ-ဖုလွမ်းရွာလေးမှတစ်ဆင့် မေခမြစ်ကူး ရီဒမ်းကြိုးတံတားတည်ရှိရာ ရီဒမ်းကျေးရွာသို့ ရောက်ပါမည်။

*စာမျက်နှာ ၇ သို့*

## မုံရွာမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မုံရွာ ဩဂုတ် ၁**

မုံရွာမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံအတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် တိုင်းရင်းဆေးရုံဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး ဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံအတွင်းရှိ အမျိုးသား အမျိုးသမီးဆေးကုသရေးအဆောင်များ၊ လူနာစမ်းသပ်ခန်းများနှင့် ဆေးသိုလှောင်ခန်းများကို ကြည့်ရှုကြသည်။

ထို့ပြင် ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးနှင့် ခုတင် ၂၀၀ ဆံ့ အမျိုးသမီး သားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီးတို့ကိုလည်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (မြန်/ဆက်)**





## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## ဖလမ်းမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

ချင်းပြည်နယ် ဖလမ်းမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၊ တောင်ဇလပ်လမ်း၊ အေဒီ၂၀၀၀ ဂျူဗလီလမ်းနှင့် ဗန်ကာအိုတောင် လမ်းဘေးဝဲယာတို့တွင် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်းနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ယနေ့နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး(**အပေါ်ပုံ**) စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည့်အဖွဲ့များကို မုန့်နှင့်အချိုရည်များ ဝေငှတိုက်ကျွေးကြသည်။

ဖလမ်းမြို့ကို တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## ရေဝတီ မြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၁**

ရေဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ ရေဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီတို့က မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ဇူလိုင် ၃၁ ရက်က မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်နှင့် ကျွန်းပင်သာရပ်ကွက်တို့တွင် ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲများတွင် ကချင်ပြည်နယ်ဒေသခံကော်မတီ အဖွဲ့ခေါင်းဆောင် ဦးတိန့်ဆောင်နှင့် ပညာရှင်များက ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သော နည်းပညာဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာပညာရှင်တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုပေါ်မူတည်၍ နိုင်ငံတစ်ခုနှင့် တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာခြားပုံ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏ အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို သုံးသပ်ဆွေးနွေး ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသည့် ပြည်သူများက ဒေသခံများ၏ အကျိုးအမြတ်၊ ခံစားခွင့်၊ စိုးရိမ်ပူပန်မှုများအပေါ် ပွင့်ပွင့်လင်းလင်း မေးမြန်းခဲ့ကြရာ ကချင်ပြည်နယ် ဒေသခံ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် နည်းပညာဆိုင်ရာ ငွေကြေးနှင့် တမံကြီးများ၏ ကြံ့ခိုင်မှု၊ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းရရှိမှု၊ မြစ်ဆုံဆည်ပြီးစီးပါက လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အခြေအနေများနှင့် ဒေသခံပြည်သူများ၏ အကျိုးအမြတ်ခံစားခွင့်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**





မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် လက်လီဆိုင် ၇၂ ဆိုင်မှ အိမ်ထောင်စု ၁၉၇၀၈၁ စုနှင့် ဝန်ထမ်း ၂၀၀၀၀ ကျော်အား ဩဂုတ် ၁ ရက်က တစ်ဦးလျှင် စားအုန်းဆီ နှစ်ပိဿာငါးဆယ်ကျပ်သားနှုန်းဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာန မိတ္ထီလာခရိုင်ရုံးမှ ဖြန့်ဖြူးရောင်းချပေးစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

- **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၆ မှ*

ထိုမှ မဂါလ်ထ-လားဝမ်ထု-ဂရုဝမ်ကွေ့-ထလားလော်-ထရီဝမ်ဂေါင်ရွာများကို ဖြတ်ပြီး ခေါင်လန်ဖူးသို့ ရောက်ပါမည်။

ထိုမှာဘက်ခြမ်းမှာ ထူးခြားသောနေရာ တစ်ခုရှိနေသေး၏။ ၅၁ မိုင်နေရာမှ လက်ဝဲဘက်သို့ တက်သွားလျှင် ၁၉၆၀ ပြည့်နှစ် အိမ်စောင့်အစိုးရလက်ထက်က ပူတာအိုနယ်ခြားခရိုင် ဖွဲ့စည်းပြီးနောက် မြို့အဖြစ် သတ်မှတ်ခဲ့သည့် ခေါ်ဘူဒဲကျေးရွာလေးရှိနေခြင်းပင်။ သို့သော် ခေါင်လန်ဖူးကပို၍အချက်အချာကျသောကြောင့် ၁၉၉၆ ခုနှစ်တွင် အစိုးရရုံးများကို ခေါင်လန်ဖူးသို့ ရွှေ့ပြောင်းခဲ့သည်။ ခေါင်လန်ဖူးမြို့လေးသည်လည်း စင်စစ်ကြီးမားလှသည်တော့ မဟုတ်၊ ရပ်ကွက် ၄ ခု၊ ကျေးရွာအုပ်စု ၂၃ အုပ်စုဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၂၁၈၆ အိမ်၊ အိမ်ထောင်စု ၂၁၈၉ စု၊ လူဦးရေ ၁၄၈၉၁ ဦးခန့် ရှိနေပါသည်။

### မေခမြစ်ကူး ရီဒမ်းကြိုးတံတား

မေခမြစ်ကူးရီဒမ်းကြိုးတံတားကို ဒေသခံတိုင်းရင်းသားများက ၂၀၀၆ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် ဂျစ်ကားကူးကြိုးတံတားအဆင့် ဖြစ်လာခဲ့သည်။ မဂွေဇ-ခေါင်လန်ဖူးကားလမ်းဖောက်လုပ်မပြီးခင်မှာပင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မဂွေဇအနီးရှိ ကဆန်ခချောင်းကူးတံတားကို တည်ဆောက်ပေးခဲ့သည်။ မေခမြစ်ကူး ရီဒမ်းတံတား ပေ ၆၀၀၊ ၃ လွှာ ၁ ထပ်၊ ၂ လမ်းသွား ဘေလီအမျိုးအစားတံတားကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့သော်လည်း ယနေ့ထိ ၅၇ ရာခိုင်နှုန်းသာ ပြီးစီးသေးသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ရာသီဥတုဆိုးရွားသဖြင့် လုပ်ငန်းဆောင်ရွက်ချိန်နည်းပါးခြင်း၊ မဂွေဇ-ခေါင်လန်ဖူးလမ်းပေါ်တွင် မကြာခဏ မြေပြို၍ သွားလာမှုခက်ခဲခြင်း၊ မချမ်းဘော့နှင့် မဂွေဇအကြား အချို့နေရာများတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ကြောင့် နှောင့်နှေးနေခြင်းဖြစ်ကြောင်း သိရသည်။ တစ်ချိန်မှာတော့ ရီဒမ်းတံတားသစ်ကြီးပေါ်ထွန်းလာမည်ဟု အလေးအနက် ယုံကြည်ပါသည်။

### လွမ်းမိပါသည် ခေါင်လန်ဖူးဒေသဆီ

ခေါင်လန်ဖူးဒေသသို့ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်နေ့၌ တစ်ကြိမ်၊ ထိုနှစ်ဒီဇင်ဘာလမှာ တစ်ကြိမ်၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ တစ်ကြိမ်၊ စုစုပေါင်း ၄ ကြိမ် ၄ ခေါက် ရောက်ဖူးခဲ့သည်။ ထရီဝမ်ဂေါင်ကျေးရွာက ဆရာ ဆရာမများကို သတိရသည်။ ထို့အတူ ခေါင်လန်ဖူးအထကမှ ဆရာ ဆရာမလေးများကိုလည်းကောင်း၊ ထလားလော်ကျေးရွာ မူလွန်ကျောင်းက ဆရာဦးနန်းထိုက်နှင့် ဆရာ ဆရာမများကို လည်းကောင်း၊ ထလားလော်ကျေးရွာကို ဖြတ်သွားခိုက် စမ်းချောင်းလေးအနီးရှိ ကျောင်းအုပ်ဆရာကြီး ဦးလယ်မယ်ဆဲတို့ ဖွင့်ထားသောလက်ဖက်ရည်ဆိုင်လေးမှာ ခဏဝင်ရောက်နားခိုရင်း သောက်ခဲ့ကြသည့် ရဝမ်လက်ဖက်ရည်အရသာကိုလည်းကောင်း မမေ့ခဲ့ပါ။ အမြဲသတိရနေမိသည်။

အရှေ့တောင်အာရှနိုင်ငံများထဲက ဆီးနှင်းဖုံးရေခဲတောင်များတည်ရှိသည့် တစ်ခုတည်းသောနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံထဲမှာမှ ပူတာအို ခေါင်လန်ဖူးဒေသသည် ရေခဲတောင်အလှများဖြင့် ထင်ရှားသည်။ ယင်းကဲ့သို့ သဘာဝအလှအခြေခံကောင်းများ တည်ရှိရာ၊ ရှားချီ၊ ရှာကော်ပါကော်ကဲ့သို့သော ဟင်းခတ်အမွှေးအကြိုင်များ ထွက်ရှိရာ၊ ရှားပါးဆေးဖက်ဝင် သစ်ဥသစ်ဖုများပေါများရာ ခေါင်လန်ဖူးဒေသသို့ သတိရ တမ်းတလွမ်းမိပါသည်။

ခေါင်လန်ဖူးရေ……ဖာမရာအေး။

# ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အသိပညာပေး (၄) မိနစ်စာ ကာတွန်း Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ် အသိပညာပေးကာတွန်း Animation ဗီဒီယိုပြိုင်ပွဲ**ကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ကာတွန်း Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲခေါင်းစဉ်ကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။
(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်ကို မြန်မာဘာသာဖြင့်သာ ဖော်ပြရမည်။
(ဂ) (၄) မိနစ်စာ (Animation video) ဖန်တီးယှဉ်ပြိုင်ရမည်။
(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။
(င) https://www.moswrr.gov.mm/awareness/movie-clips?Page=1 website ရှိ အသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။
(စ) File format သည် mp4/ wmv/ avi ၊ အနည်းဆုံး FullHD 1920x1080 pixels ၊ RGB အရောင် သတ်မှတ်ချက်နှင့် File size သည် 1GB ထက် မပိုစေရ။
(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။
(ဇ) Animation ဗီဒီယိုများအတွက် မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။
(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation များမဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။
(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။
(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation များကို သင့်လျော်သည့် နေရာများတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation များ ပြန်လည်ပေးပို့မည် မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Soft Copy ကို အီးမေးလ် (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကို အခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် Animation ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ကူမဲမြို့၌ ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်

**ကူမဲ ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ ကူမဲငါးလုပ်ငန်းစခန်းတွင် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို ဇူလိုင် ၂၄ ရက်က အဆိုပါ ငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။



သင်တန်းသို့ ကျောက်ဆည် တက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာတင်လေးမွန်နှင့် ကြီးကြပ်သူဆရာ ဆရာမ ၁၃ ဦး၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကိုးဦး၊ ကျောင်းသူ ၃၇ ဦး စုစုပေါင်း ၅၉ ဦးတို့ တက်ရောက်ပြီး သင်တန်းတွင် ငါးပိုက်ဆွဲခြင်း၊ ငါးအထီးအမခွဲခြားခြင်း၊ ငါးဆေးထိုးခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်အား ကူမဲငါးလုပ်ငန်းစခန်းမှ တာဝန်ခံဦးစီးအရာရှိ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများက စာတွေ့ လက်တွေ့ နှစ်ရက်တာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင် ဒီဇိုင်းပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **ငလျင်ဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်**ဒီဇိုင်းပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်လက်ကမ်းစာစောင်ကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ **မည်သူမဆို** ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ငလျင်ဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဘေးအန္တရာယ် (၃)မျိုးလုံးကိုဖြစ်စေ၊ နှစ်သက်ရာဘေးအန္တရာယ် (၁) မျိုးစီကိုဖြစ်စေ ရွေးချယ်ယှဉ်ပြိုင်နိုင်သည်။
(ခ) သရုပ်ဖော်ပြသချက်ပုံများသည် မြန်မာ့ယဉ်ကျေးမှု ခေတ်စရိုက်လူနေမှုဘဝကို ပေါ်လွင်စေရမည်။
(ဂ) ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်ပြုလုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။
(ဃ) https://www.moswrr.gov.mm/awareness/pamphlets website ရှိ အသိပညာပေး လက်ကမ်းစာစောင်များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။
(င) Resolution (300 dpi)နှင့် JPG (သို့) PNG Format ၊ အရောင်သတ်မှတ်ချက် (CMYK) ဖြင့် ရေးဆွဲရမည်။
(စ) အကြောင်းအရာဖော်ပြချက်နှင့်ကိုက်ညီသော ဒီဇိုင်းပုံများ ဖန်တီးပေးရမည့်အပြင် စာသားနှင့် ပုံများကို (၄) ခေါက်ချိုး လက်ကမ်းစာစောင် (Legal Size - 8.5"x 14") ပြုလုပ်ယှဉ်ပြိုင်ရမည်။
(ဆ) မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။
(ဇ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော (သို့မဟုတ်) ဖော်ပြထားပြီးဖြစ်သော ဒီဇိုင်းပုံများ မဖြစ်ရ။ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။
(ဈ) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးလွှဲပြောင်းပေးရမည်။
(ည) သတ်မှတ်ရက်ကျော်လွန်သော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ဆုရွေးချယ်ခြင်းမခံရသော ပြိုင်ပွဲဝင် လက်ကမ်းစာစောင်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ ဒီဇိုင်းပုံများနှင့် ရေးဆွဲထားသော Design ပုံများပါဝင်သည့် လက်ကမ်းစာစောင် Hard Copy နှင့် Soft Copy ကို လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်း၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm@gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဒီဇိုင်းပုံနှင့် လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထား အလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယိုပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးနှင့် မိုးခေါင်ရေရှားဘေးတို့အတွက် အသိပညာပေးလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ အဆိုပါလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများကို ခေတ်ကာလ အားလျော်စွာ ဆန်းသစ်သော ဖန်တီးမှုအတွေးအမြင်များ၊ နည်းပညာသစ်များဖြင့် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်စေမည့် လက်ကမ်းစာစောင်ဒီဇိုင်းများနှင့် Animation ဗီဒီယိုများအဖြစ် ပြုပြင်ဆောင်ရွက်လိုပါ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းနှင့် Animation ဗီဒီယိုဖန်တီးခြင်းတို့ကို ပြိုင်ပွဲကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၃။ လက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲကို မူလဆောင်ရွက်ထားသော လက်ကမ်းစာစောင်များကို အခြေခံ၍ **ငလျင်ဘေး၊ လေပြင်းဘေးနှင့် ရေဘေး**တို့အတွက်လည်းကောင်း၊ အလားတူ Animation ဗီဒီယိုပြိုင်ပွဲကို **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ်**တို့အတွက်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပညာရှင်များ ပါဝင်သောအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ Website စာမျက်နှာ https://www.moswrr.gov.mm/ တွင် လည်းကောင်း၊ အောက်ဖော်ပြပါ QR Code တွင်လည်းကောင်း ကြည့်ရှုယှဉ်ပြိုင်လျှောက်ထားနိုင်ပြီး ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့် Soft Copy တို့ကို လျှောက်လွှာနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်သို့ဖြစ်စေ၊ အီးမေးလ်လိပ်စာ myanmareoc.ddm@gmail.com သို့ဖြစ်စေ ၁၅-၉-၂၀၂၆ နေ့၊ ၁၆ : ၀၀ နာရီ နောက်ဆုံးထားပေးပို့ရမည် ဖြစ်ပါသည်။

၆။ သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မွန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအားတို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းအား ရယူပါဝင်ယှဉ်ပြိုင်ပေးနိုင်ပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ဥတ္တရသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့မှုအပေါ် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာတချို့တွင် ရေဝင်ရောက်မှုကြောင့် သန့်ရှင်းရေးလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးထွန်းထွန်းတို့က ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်များက ဥတ္တရသီရိမြို့နယ် ခုတင်(၅၀၀)ဆံ့ အရိုးအကြော အထူးကုဆေးရုံကြီးသို့ ရောက်ရှိပြီး ရေဝင်ရောက်မှုကြောင့် ဆေးရုံအတွင်းထိခိုက်ပျက်စီးမှု၊ ရေဝင်ရောက်မှုကြောင့် ရွှံ့ညွန်များသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဆေးရုံအတွင်း၊ အပြင် သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်များသည် ဥတ္တရသီရိ ရပ်ကွက်အတွင်းရှိ လမ်းဘေးဝဲ/ယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် မိုးရွာသွန်းမှုကြောင့် တင်ကျန်ခဲ့သည့် နုန်း၊ သဲများကို စက်ယန္တရားများအသုံးပြု၍ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း (ဥတ္တရ)**



## ကျွန်းစုမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်

**ကျွန်းစု ဩဂုတ် ၁**

ကျွန်းစုမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ယမန်နေ့က ကျွန်းစုမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက မြေငှားဂရန်ရရှိခြင်းဖြင့် ပြည်သူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကို ဥပဒေနှင့်အညီ ခိုင်မာစွာရရှိနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အထောက်အကူပြုစေမည့် အရေးပါသော အာမခံအထောက်အထားတစ်ရပ်အဖြစ် အသုံးဝင်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပရည်ကျွန်းကျေးရွာနေ ပြည်သူများ၏ ကျေးရွာမြေငှားဂရန် ၅၁ ခုအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

## သာစည်မြို့နယ်၌ ငလျင်ဘေးရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြ



**သာစည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက ငလျင်ဘေးရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ခြင်း လေ့ကျင့်ခြင်း သရုပ်ပြပွဲကို ယမန်နေ့က သာစည်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်း ဦးဆောင်၍ တပ်ဖွဲ့ဝင် ၃၅ ဦးတို့က ငလျင်ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုအား မီးငြိမ်းသတ်ခြင်း၊ အခန်းများအတွင်း ပိတ်မိနေသော လူနာအား ရှာဖွေကယ်ထုတ်ခြင်း၊ အထပ်မြင့်များ၌ ထိခိုက်ဒဏ်ရာရရှိသော လူနာများအား ရှာဖွေကယ်ထုတ်ခြင်းများကို ကျောင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်မှုဖြင့် သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## အသက် ၁၄ နှစ်အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်

**နေပြည်တော် ဩဂုတ် ၁**

တပ်ကုန်းမြို့နယ်၌ အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ခေတ္တ) ဥက္ကဋ္ဌ ဦးစစ်အောင်လတ်၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းရဲနန္ဒာစိုးတို့က အမှာစကားပြောကြားပြီး ကွင်းဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက Fitness Exercise PE22 သရုပ်ပြအကၢဘင်ခရာတပ်ဖွဲ့နှင့် အဆိုတော်များက ဂုဏ်ပြုသီဆိုဖျော်ဖြေပေးပြီး ရွှေမြို့အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောင်းရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသားအားကစားအသင်းတို့ ကွင်းဖွင့်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ကျောင်းပေါင်း ၃၃ ကျောင်း၊ ကျောင်းသား ကစားသမား ၅၂၈ ဦး ပါဝင်ယှဉ်ပြိုင်ကစားပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**



## စိုက်ပျိုးမြေယာလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**ပန်းတနော် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စိုက်ပျိုးမြေယာလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ယာယီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဇော်မျိုးလွင်တို့က တက်ရောက်လာကြသည့် ဒေသခံတောင်သူများ လက်ဝယ်အရောက် ပုံစံ(၇)လက်မှတ်များကို ပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုံရွာခရိုင်၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**မုံရွာ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ပြီး မုံရွာမြို့နယ်အတွင်းရှိ မြေငှားဂရန်ရရှိသူများအား မြေငှားဂရန်ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက်က မုံရွာမြို့နယ် ကော်လပြကျေးရွာ မဇ္ဈိမရုံကျောင်းတိုက် လေးကျွန်းစကြာဓမ္မာရုံ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က မြေငှားဂရန်ထုတ်ပေးရခြင်း၊ ဂရန်များ စနစ်တကျထိန်းသိမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကော်လပြကျေးရွာမှ ကျေးရွာမြေငှားဂရန်ရရှိသူ ၁၂၂ ဦးအတွက် မြေငှားဂရန်များ လက်ဝယ် အရောက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဆင်းရဲမှုလျှော့ချရေးနှင့် တစ်နှစ်ပတ်လုံး ဝင်ငွေရလမ်းဖြစ်စေမည့် မှိုစိုက်ပျိုးရေးလုပ်ငန်း

နေသူရဇော် (စိုက်ပျိုးရေး)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်ကြပြီး မိရိုးဖလာလယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုသာ အဓိကအားထားလုပ်ကိုင်နေကြသူများ ဖြစ်သည်။ သို့သော် လက်ရှိအချိန်တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဒဏ်ကို သိသိသာသာခံစားနေရပြီး မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့် သမားရိုးကျလယ်ယာသီးနှံစိုက်ပျိုးရေးတွင် အရှုံးပေါ်ခြင်း၊ အထွက်နှုန်းကျဆင်းခြင်း စသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။

ထို့အပြင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စက်သုံးဆီကဲ့သို့သော စိုက်ပျိုးရေးသွင်းအားစုစရိတ်များ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ကြီးမြင့်လာခြင်းသည် တောင်သူဦးကြီးများနှင့် ကျေးလက်နေပြည်သူများအတွက် ပုံမှန်နှင့် တည်ငြိမ်သော ဝင်ငွေရရှိရန် ခက်ခဲလာသည်။

ထိုသို့သော စီးပွားရေးနှင့် ရာသီဥတုဆိုင်ရာ အကျပ်အတည်းများကို ကျော်လွှားနိုင်ရန်အတွက် ရိုးရာစိုက်ပျိုးရေး နည်းစနစ်များအပြင် အခြားသောထွက်ခြေကိုက်ပြီး အန္တရာယ်နည်းသည့် အစားထိုးစီးပွားရေးလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန် လိုအပ်လာသည်။ ဤနေရာတွင် ရင်းနှီးမြှုပ်နှံမှုအရင်းအနှီးအနည်းငယ်သာ လိုအပ်ပြီး အချိန်တိုအတွင်း မြင့်မားသောအကျိုးအမြတ်ကို သေချာပေါက် ပေးစွမ်းနိုင်သည့် **“မှိုစိုက်ပျိုးရေးလုပ်ငန်း”** သည် ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးနိုင်မည့် အလားအလာကောင်းတစ်ခု ဖြစ်လာသည်။

မှိုသည် သဘာဝအရသာ ထူးကဲဆန်းသစ်ပြီး ဟင်းလျာမျိုးစုံတွင် ထည့်သွင်းချက်ပြုတ်နိုင်ရုံမျှမကဘဲ လူသားတို့၏ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အသားဓာတ် (Protein)၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ အထူးသဖြင့် အသားဓာတ်ပါဝင်မှု မြင့်မားပြီး ကိုလက်စထရော (Cholesterol) လုံးဝမပါဝင်သည့်အတွက် ယနေ့ခေတ် ကျန်းမာရေးလိုက်စားသူများအကြားတွင် အထူးရေပန်းစားပြီး ဈေးကွက်ဝယ်လိုအား မြင့်မားနေသည်။

မှိုစိုက်ပျိုးခြင်း၏ အဓိကထူးခြားချက်မှာ သမားရိုးကျအပင်များကဲ့သို့ ကျယ်ဝန်းလှသော စိုက်ပျိုးမြေအမြောက်အမြား မလိုအပ်ခြင်း၊ နေရောင်ခြည်တိုက်ရိုက်ရရှိရန်မလိုဘဲ အမှောင်ခန်း သို့မဟုတ် ပျိုးစင်များဖြင့် အလွယ်တကူ စိုက်ပျိုးနိုင်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် မှိုစိုက်ပျိုးရေး လုပ်ငန်းသည် စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးတို့ကို အထောက်အကူပြုရုံတင်မကဘဲ ကျေးလက်နေအခြေခံလူတန်းစားများအတွက် နေ့စဉ်ပုံမှန်ဝင်ငွေရရှိစေကာ မြို့ပြနှင့် ကျေးလက်ကြားရှိ ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချနိုင်သည့် နည်းလမ်းကောင်းတစ်ခုလည်း ဖြစ်ပေသည်။

မှိုစိုက်ပျိုးရေးလုပ်ငန်းသည် သမားရိုးကျလယ်ယာသီးနှံစိုက်ပျိုးမှုများနှင့်မတူဘဲ ဆန်းသစ်သည့် စီးပွားရေးဆိုင်ရာ အားသာချက်များစွာ ရှိနေသည်။ အဓိကအားဖြင့် မြေယာပိုင်ဆိုင်မှုနှင့် အရင်းအနှီးအမြောက်အမြား မလိုအပ်ဘဲ မိမိတို့အိမ်နောက်ဖေး သို့မဟုတ်အသုံးမပြုသည့်အခန်းကျဉ်းလေးများတွင် စင်ထိုး၍ အလွယ်တကူ စတင်နိုင်သည်။ ပိုမိုထူးခြားသည်မှာ စပါး သို့မဟုတ် နှစ်ရှည်ပင်များကဲ့သို့ လနှင့် ချီစောင့်ဆိုင်းရခြင်းမျိုး မဟုတ်ဘဲ ရက်သတ္တပတ် အနည်းငယ်အတွင်း စတင်ဆွတ်ခူးနိုင်သဖြင့် တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေကို ဖန်တီးပေးနိုင်သည်။

သို့သော် မှိုသည် အပင်မဟုတ်ဘဲ “မှိုမျှင်အုပ်စုဝင် သက်ရှိ” ဖြစ်သည့်အတွက် ၎င်း၏ ရှင်သန်မှုသဘာဝသည် သမားရိုးကျသီးနှံများနှင့် လုံးဝကွဲပြားပြီး စိုက်ပျိုးသည့် ပတ်ဝန်းကျင်ထိန်းညှိမှုကို အထူးဂရုစိုက်ရသည်။ အပူချိန်နှင့် စိုထိုင်းဆကို ၈၀ မှ ၉၀ ရာခိုင်နှုန်းအတွင်း အေးမြစိုစွတ်နေအောင် စနစ်တကျထိန်းသိမ်းပေးရမည့်အပြင် မှိုပွင့်လာမည့်အချိန်တွင် လုံလောက်သော လေဝင်လေထွက်နှင့် သဘာဝအလင်းမှိန်မှိန်ရှိရန် လိုအပ်သည်။ အားလုံးထဲတွင် “သန့်ရှင်းမှု” သည် လုပ်ငန်း၏ အသက်ဖြစ်ပြီး စိုက်ပျိုးခန်းနှင့် ကိုင်တွယ်သူ၏ လက်များအထိ စနစ်တကျ ပိုးသတ်ထားခြင်းမရှိပါက အခြားမှိုဆိုးများနှင့် ဗက်တီးရီးယားပိုးများ ဝင်ရောက်ကာ စိုက်ပျိုးထားသည့် မှိုများအားလုံး ပုပ်ပွပျက်စီးသွားနိုင်သည်။

လက်ရှိ မြန်မာ့ဈေးကွက်အတွင်း စီးပွားဖြစ်အောင်မြင်နေသော မှိုအမျိုးအစားများကို လေ့လာကြည့်ပါက စိုက်ပျိုးရလွယ်ကူပြီး ဝယ်လိုအားအကောင်းဆုံးဖြစ်သည့် “ငွေနှင်းမှို”၊ အညာဒေသတွင် ကောက်ရိုးကိုအခြေခံ၍ စိုက်ပျိုးကာ ဈေးကောင်းရသည့် “ကောက်ရိုးမှို”နှင့် အခြောက်ခံကာ ရေရှည်သိမ်းဆည်းနိုင်၍ အရှုံးပေါ်နိုင်ခြေ အနည်းဆုံးဖြစ်သည့် “နားရွက်မှို” တို့သည် စတင်လုပ်ကိုင်သူများအတွက် အလားအလာအကောင်းဆုံး အမျိုးအစားများ ဖြစ်ကြသည်။

> ❖ **မှိုစိုက်ပျိုးရေးလုပ်ငန်းသည် သာမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းထက် ပိုမိုဆန်းသစ်ပြီး ထိရောက်သည့် ဒေသတွင်းစီးပွားရေး တွန်းအားတစ်ခုဖြစ်သည်။ ယင်းသည် နည်းပါးသောရင်းနှီးမြှုပ်နှံမှုဖြင့် ကျေးလက်နေပြည်သူများ အထူးသဖြင့် မြေယာမဲ့များနှင့် အမျိုးသမီးများအတွက် ရေရှည်တည်တံ့သော မိသားစုဝင်ငွေကို ဖန်တီးပေးနိုင်ရုံတင်မကဘဲ ကျေးလက်နှင့် မြို့ပြအကြားဖြစ်ပေါ်နေသည့် ဆင်းရဲချမ်းသာကွာဟချက်ကိုလည်း သိသိသာသာ ကျဉ်းမြောင်းပေးနိုင်မည့် ရွှေရောင်အခွင့်အလမ်းတစ်ခုဖြစ်**

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရင်းအနှီးနည်းပါးခြင်း၊ ရာသီမရွေးစိုက်ပျိုးနိုင်ခြင်းနှင့် ရက်တိုတိုအတွင်း ငွေပေါ်လွယ်ခြင်းဟူသော မှို၏ထူးခြားသည့် သဘာဝဝိသေသများသည် သာမန်စိုက်ပျိုးရေးအဆင့်ထက်ကျော်လွန်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အဓိက လူမှုစီးပွားပြဿနာဖြစ်သော မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဝင်ငွေကွာဟမှုကို ဖြေရှင်းပေးနိုင်မည့် အဓိကအချက် ဖြစ်လာသည်။ မိရိုးဖလာလယ်ယာလုပ်ငန်းများမှ ဝင်ငွေမမှန်ကန်မှုကြောင့် ကျေးလက်လူငယ်များသည် မြို့ကြီးများသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြရာမှတစ်ဆင့် ကျေးလက်ဒေသများတွင် လူသားအရင်းအမြစ် ပြတ်လပ်မှုများကြုံတွေ့နေရချိန်တွင် ပြုစုရလွယ်ကူသော မှိုစိုက်ပျိုးရေးလုပ်ငန်းသည် ကျေးလက်ဒေသများ၌ပင် ရေရှည်တည်တံ့သော စီးပွားရေးအခွင့်အလမ်းများကို အခြေချပေးပြီး ဆင်းရဲချမ်းသာကွာဟမှုကို ထိရောက်စွာကျဉ်းမြောင်းပေးနိုင်ခြင်း ဖြစ်သည်။

ပထမဦးစွာ မှိုစိုက်ပျိုးရေးလုပ်ငန်းသည် အိမ်တွင်း၌ပင် အလွယ်တကူ လုပ်ကိုင်နိုင်ခြင်းကြောင့် ကျေးလက်ဒေသရှိ အိမ်ရှင်မများ၊ သက်ကြီးရွယ်အိုများနှင့် လူငယ်များအတွက် မိသားစုကို ပြုစုစောင့်ရှောက်ရင်း ကိုယ်ပိုင်ဝင်ငွေ ရှာဖွေပေးနိုင်သည့် အကောင်းဆုံးလမ်းစဖြစ်လာပြီး မြို့ပြသို့ ရွှေ့ပြောင်းလုပ်ကိုင်ရမည့် နှုန်းထားများကို လျှော့ကျသွားစေနိုင်သည်။ ဒုတိယအချက်အနေဖြင့် ကျေးလက်ဒေသများတွင် အလဟဿ စွန့်ပစ်ထားလေ့ရှိသည့် ကောက်ရိုး၊ လွှစာမှုန့်နှင့် ပဲရိုးစသည့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို မှိုစိုက်ပျိုးရာတွင် အဓိကကုန်ကြမ်းအဖြစ် အသုံးချနိုင်ခြင်းကြောင့် စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် တန်ဖိုးမြှင့်ဝင်ငွေများ တိုးပွားလာစေသည်။

ထို့ပြင် မြို့ပြဈေးကွက်၏ မြင့်မားသော ဝယ်လိုအားနှင့် စနစ်တကျချိတ်ဆက်နိုင်ခြင်းကြောင့် မြို့ပြမှ ငွေကြေးအင်အားများကို ကျေးလက်ဒေသများသို့ တိုက်ရိုက်စီးဆင်းသွားစေကာ ဒေသတွင်းကုန်သွယ်မှုများကိုပါ ပိုမိုသွက်လက်လာစေသည်။ နောက်ဆုံးအနေဖြင့် သမားရိုးကျ သီးနှံများကဲ့သို့ စိုက်ပျိုးမြေအများအပြားပိုင်ဆိုင်ရန် မလိုခြင်းကြောင့် ကျေးလက်ဒေသရှိ အဆင်းရဲဆုံး မြေယာမဲ့မိသားစုများပင် စင်လေးများ ဆောက်လုပ်၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှု သံသရာမှ လွတ်မြောက်ကာ မြို့ပြနှင့်ရင်ပေါင်တန်းနိုင်မည့် စီးပွားရေး အခြေခံကောင်းကို တည်ဆောက်ပေးနိုင်သည်။

မှိုစိုက်ပျိုးခြင်းသည် ခက်ခဲနက်နဲသော အလုပ်တစ်ခုမဟုတ်ဘဲ သဘာဝတရား၏ အံ့ဖွယ်ပြောင်းလဲမှုကို မိမိမျက်စိရှေ့မှောက်တွင် ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ကြည့်ရသည့် အနုပညာတစ်ခုနှင့် တူလှပေသည်။ အခြေခံအားဖြင့် ကောက်ရိုး သို့မဟုတ် လွှစာမှုန့်ကဲ့သို့သော အလွယ်တကူရနိုင်သည့် ဘေးထွက်ပစ္စည်းများကို ဖွဲနု၊ ထုံးမှုန့်တို့နှင့် ရောစပ်ကာ ရေအနည်းငယ်ဖျန်း၍ အိတ်ငယ်များအတွင်းသို့ ကျစ်ကျစ်လျစ်လျစ် ထည့်သွင်းခြင်းဖြင့် မှိုတို့၏ အိမ်ကလေးများကို စတင်ဖန်တီးပေးရသည်။ ထိုမှိုအိတ်ကလေးများကို အခြားသောပိုးမွှားများ ကင်းစင်သွားစေရန်အတွက် အပူရှိန်ဖြင့် စနစ်တကျ မှိုင်းတိုက်ပေးရပြီး အိတ်ကလေးများ လုံးဝအေးမြသွားချိန်တွင်မှ အဆင်သင့်ပြင်ထားသော မှိုမျိုးစေ့များကို သန့်ရှင်းစွာ ထည့်သွင်းပေးရုံမျှဖြင့် စိုက်ပျိုးခြင်းလုပ်ငန်း၏ တစ်ဝက်ခန့်မှာ ပြီးမြောက်သွားပြီဖြစ်သည်။

ထို့နောက် အိတ်ကလေးများကိုလေဝင်လေထွက်ကောင်းပြီး မှောင်မည်းအေးမြသည့် အခန်းငယ်တစ်ခုအတွင်း၌ စင်ကလေးများဖြင့် စနစ်တကျ စီရီထားရှိရုံသာ ဖြစ်သည်။ ဤကာလအတွင်း စိုက်ပျိုးသူအနေဖြင့် ရေဖျန်းပေးရန်ပင် မလိုဘဲ ရက်ပေါင်း ၃၀ ဝန်းကျင်အတွင်း အဖြူရောင်မှိုမျှင်ကလေးများ တစ်အိတ်လုံးအပြည့် ယှက်ဖြာပွားများ လာသည်ကို အံ့ဩဖွယ်ရာ စောင့်ကြည့်ရုံမျှသာ ဖြစ်သည်။ မှိုမျှင်များ ပြည့်သွားသည့်အခါ အိတ်ဝလေးများကို ဖွင့်ပေးပြီး တစ်နေ့လျှင် သုံးကြိမ်ခန့် ရေမှုန်ရေမွှားလေးများ ဖျန်းပေးခြင်းဖြင့် မှိုပွင့်ကလေးများ ထွက်လာရန် နှိုးဆွပေးရသည်။ ရက်အနည်းငယ်အတွင်းမှာပင် ဖြူဖွေးလတ်ဆတ်ပြီး အရသာရှိမည့် မှိုပွင့်ကြီးများ အဖြစ်အိတ်ဝမှတိုးထွက်လာကြရာ ၎င်းတို့ကို အသာအယာလှည့်၍ နုတ်ယူဆွတ်ခူးရုံမျှဖြင့် မိသားစုအတွက် ကျန်းမာရေးနှင့် ညီညွတ်သောဟင်းလျာတစ်ခွက်ကိုဖြစ်စေ၊ စီးပွားဖြစ် ဝင်ငွေတိုးလမ်းကိုဖြစ်စေ လက်တွေ့ပိုင်ဆိုင်နိုင်ပြီ ဖြစ်သည်။

မည်သည့်စီးပွားရေးလုပ်ငန်းတွင်မဆို စိန်ခေါ်မှုရှိစမြဲဖြစ်သော်လည်း မှိုစိုက်ပျိုးရေး၏ ထူးခြားချက်မှာ ကြုံတွေ့ရမည့်အခက်အခဲတိုင်းကို ကိုယ်တိုင်သတိထားရုံမျှနဲ့ အလွယ်တကူ ထိန်းချုပ်ကျော်လွှားနိုင်ခြင်းပင် ဖြစ်သည်။ ပထမဆုံး သတိပြုရမည့်အချက်မှာ နည်းစနစ်မကျပါက မှိုထုပ်များအတွင်းသို့ အခြားသော မှိုဆိုးများနှင့် ကူးစက်ပိုးမွှားများ ဝင်ရောက်ကာ မှိုထုပ်များ ပုပ်ပွပျက်စီးတတ်ခြင်းဖြစ်သည်။ ဤပြဿနာသည် လုပ်ငန်းခွင်အတွင်း အနည်းငယ်ပေါ့ဆရုံဖြင့် ဖြစ်ပွားတတ်သော်လည်း စိုက်ပျိုးခန်းကို အမြဲခြောက်သွေ့သန့်ရှင်းအောင်ထားခြင်း၊ မျိုးမထည့်မီ လက်နှင့် ကိရိယာများကို စနစ်တကျပိုးသတ်ခြင်း စသည့်အခြေခံစည်းကမ်းများကို တိကျစွာလိုက်နာရုံမျှဖြင့် ပိုးမွှားအန္တရာယ်ကို ရာနှုန်းပြည့် ကြိုတင်ကာကွယ်နိုင်သည်။

နောက်ထပ် စိန်ခေါ်မှုတစ်ခုမှာ မှိုသည် ရေဓာတ်အလွန်ကြွယ်ဝသည့်အတွက် ဆွတ်ခူးပြီးနောက် ရက်ရှည်အထားမခံဘဲ အလွယ်တကူ ညှိုးနွမ်းပျက်စီးလွယ်ခြင်းဖြစ်သည်။ ဤအခြေအနေအတွက် ဈေးကွက်သို့ လတ်လတ်ဆတ်ဆတ် ချက်ချင်း မပို့ဆောင်နိုင်ပါကလည်း စိုးရိမ်စရာ မရှိဘဲ ဆွတ်ခူးပြီးသား မှိုပွင့်များကို လေလုံအိတ်များ သို့မဟုတ် သင့်တော်သည့် ထုပ်ပိုးမှုများဖြင့် အအေးခန်း သို့မဟုတ် အေးမြသောနေရာတွင် စနစ်တကျထိန်းသိမ်းခြင်းဖြင့် သက်တမ်းကို ဆွဲဆန့်နိုင်သည်။ ထို့အပြင် နားရွက်မှိုကဲ့သို့သော အမျိုးအစားများကို ရွေးချယ်ပြီး နေလှန်းအခြောက်ခံကာ ရေရှည်သိုလှောင်ထားခြင်း သို့မဟုတ် မှိုချဉ်၊ မှိုခြောက်မှုန့်ကဲ့သို့သော အိမ်တွင်း တစ်နိုင်တစ်ပိုင် တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် အသွင်ပြောင်းလဲခြင်းဖြင့် ဈေးကွက်အကန့်အသတ်ကို အကောင်းဆုံးကျော်လွှားနိုင်မည် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် အစောပိုင်းတွင် မှိုမျိုးစေ့အရည်အသွေး မမှန်ကန်ခြင်းကြောင့် အထွက်နှုန်းမတည်ငြိမ်သည့်အခက်အခဲမျိုး ကြုံရနိုင်သော်လည်း ယင်းကို စိတ်ချရသော စိုက်ပျိုးရေးဓာတ်ခွဲခန်းများနှင့် အရည်အသွေးအာမခံချက်ရှိသည့် မျိုးထုတ်လုပ်ငန်းများထံမှ စံချိန်မီ မျိုးစေ့များကိုသာ ရွေးချယ်ဝယ်ယူသည့် အလေ့အထဖြင့် လွယ်ကူစွာ ဖြေရှင်းနိုင်သည်။ ထို့ကြောင့် မှိုစိုက်ပျိုးရေးတွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများသည် ကြီးမားသောဆုံးရှုံးမှုများ မဟုတ်ဘဲ စိုက်ပျိုးသူ၏အလေးထားမှု၊ သန့်ရှင်းမှုနှင့် ဖန်တီးတီထွင်မှုတို့ဖြင့် လုပ်ငန်းကို ပိုမိုခိုင်မာအောင် ပံ့ပိုးပေးသည့် သင်ခန်းစာများသာ ဖြစ်ပေသည်။

ခြုံငုံသုံးသပ်ရသော် မှိုစိုက်ပျိုးရေးလုပ်ငန်းသည် သာမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းထက် ပိုမိုဆန်းသစ်ပြီး ထိရောက်သည့် ဒေသတွင်းစီးပွားရေး တွန်းအားတစ်ခု ဖြစ်သည်။ ယင်းသည် နည်းပါးသော ရင်းနှီးမြှုပ်နှံမှုဖြင့် ကျေးလက်နေပြည်သူများ အထူးသဖြင့် မြေယာမဲ့များနှင့် အမျိုးသမီးများအတွက် ရေရှည်တည်တံ့သော မိသားစုဝင်ငွေကို ဖန်တီးပေးနိုင်ရုံတင်မကဘဲ ကျေးလက်နှင့် မြို့ပြအကြား ဖြစ်ပေါ်နေသည့် ဆင်းရဲချမ်းသာ ကွာဟချက်ကိုလည်း သိသိသာသာ ကျဉ်းမြောင်းပေးနိုင်မည့် ရွှေရောင်အခွင့်အလမ်းတစ်ခု ဖြစ်သည်။

ယခုအခါတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း မှိုစိုက်ပျိုးလိုသူ တောင်သူများနှင့် မိသားစုများ လက်တွေ့အောင်မြင်မှု ရရှိစေရန်အတွက် နည်းပညာဖြန့်ဝေပေးသည့် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၁ သို့

## သံဖြူဇရပ်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသ

**သံဖြူဇရပ် ဩဂုတ် ၁**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ပြည်နယ်ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကေခိုင်အေး ဦးစီး၍ မော်လမြိုင်မြို့နယ် ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးနှင့် ခုတင်(၂၀၀) အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်းကာ ကျိုက္ခမီမြို့ ဓမ္မစေတီရပ်ကွက် သီရိဖေယျာခန်းမတွင် ပြည်သူ ၄၄၁ ဦးအား အခမဲ့ကွင်းဆင်း ဆေးကုသပေးခဲ့ရာ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်း လာရောက်ကြည့်ရှုအားပေးသည်။



ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မင်းသန့်ဇင်က လာရောက်ကုသမှု ခံယူကြသည့် ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လားရှိုးမြို့၌ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**လားရှိုး ဩဂုတ် ၁**
ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ခရိုင်အဆင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ထင်းရှူးတောင်၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကား ပြောကြားပြီး ခရိုင်သစ်တော ဦးစီးမှူး ဦးတင်ကျော်က သစ်ပင်များ ရှင်သန်အောင် စနစ်တကျ စိုက်ပျိုးနည်းစနစ်များ သရုပ်ပြ ရှင်းလင်းပြောကြားသည်။



ထို့နောက် ထင်းရှူးပင စုစုပေါင်း ၃၂၀ အား ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုအသင်း၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ က စနစ်တကျ စုပေါင်းစိုက်ပျိုးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## သရက်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**သရက် ဩဂုတ် ၁**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်လဝက ဦးစီးမှူး ဦးသူရနှင့် တာဝန်ရှိသူများက အသက်(၁၀)နှစ်ပြည့် ကျောင်းသား ၁၂၇ ဦး၊ ကျောင်းသူ ၁၈၈ဦး စုစုပေါင်း ၃၁၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**သာယာဝတီ ဩဂုတ် ၁**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျွဲသတ်ကြီးကျေးရွာ စာသင်ကျောင်းဝင်း၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အားစုစုပေါင်း အင်အား ၁၅၀ ခန့်က သတ်မှတ်နေရာအသီးသီး၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျည်း? 

ကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**

○ *ကျောဖုံးမှ*
ကစားခဲ့သော်လည်း ISPE အသင်း၏ ခံစစ်တန်းနှင့် ဂိုးသမားတို့၏ စနစ်တကျ ဟန့်တားနိုင်မှုကြောင့် ဂိုးမရရှိဘဲ ရှုံးနိမ့်ခဲ့သည်။

ဗဟန်းကွင်း၌ ကစားခဲ့သည့် ပွဲစဉ်တွင် GALAXY FC က မြဝတီအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ GALAXY FC အသင်းအတွက် ဦးဆောင်ဂိုးကို ၄၄ မိနစ်တွင် အောင်မြတ်သာနှင့် ပွဲချိန် ၆၂ မိနစ်တွင် သန့်ဇင်အောင်တို့က သွင်းယူခဲ့သည်။

မြဝတီအသင်းသည် ရမှတ်လိုအပ်ချက်ကြောင့် တိုက်စစ်ဆင်ဖိအားပေးကစားရန် ကြိုးစားခဲ့သော်လည်း GALAXY FC ၏ ခံစစ်တန်းကိုကျော်ဖြတ်နိုင်ခြင်းမရှိဘဲ နာကျင်အချိန်ပို (၉၀+၄ မိနစ်)တွင် ဖိုးချစ်လုံးက မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သည်။

**နေမျိုး**
**ဓာတ်ပုံ-MNL**

**နိုင်ငံ**
**သာယာဝပြောဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့။**

## မန္တလေးမြို့နယ်၌ ပိုးသတ်ဆေး သိုလှောင်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များအား ဥပဒေဆိုင်ရာရှင်းလင်း

**မန္တလေး ဩဂုတ် ၁**
မန္တလေးမြို့နယ်အတွင်းရှိ ပိုးသတ်ဆေးသိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များအား ပိုးသတ်ဆေးဥပဒေ / နည်းဥပဒေ ရှင်းလင်းခြင်း၊ Thiamethoxan နှင့် Chothianidin ပိုးသတ်ဆေး နှစ်မျိုးကို နှစ်နှစ်ပိတ်ပင်သည့်ကိစ္စအား ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်နီလာသန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဦးလှမိုးကျော်က ပိုးသတ်ဆေး ဥပဒေ/နည်းဥပဒေများနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ယဉ်မိုးအေးက ပိုးသတ်ဆေး လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး အဆိုပါ ဆွေးနွေးပွဲသို့ လုပ်ငန်းရှင် ၄၉ ဦး၊ ဝန်ထမ်း ၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**



## တနိုင်းမြို့နယ် ပညာအလင်းငွေစုငွေချေးလုပ်ငန်းသမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**တနိုင်း ဩဂုတ် ၁**
ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ပညာအလင်းငွေစုငွေချေးလုပ်ငန်း သမဝါယမအသင်း(လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အထက(၁)ကျောင်း၌ ကျင်းပရာ သဘာပတိ ဒေါ်ရီရီဝင်းနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအောင်ဆန်းထွန်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားပြီး အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်သည်။

**မြို့နယ်(ပြန်/ဆက်)**



## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် ဩဂုတ် ၁- ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*
အခြားတစ်ဖက်တွင်လည်း မြန်မာ့ရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်စေမည့်သုတေသနလုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်နေသည့်အပြင် တောင်သူများ ယုံကြည်စိတ်ချစွာ ဝယ်ယူစိုက်ပျိုးနိုင်မည့် အရည်အသွေးမြင့် စံချိန်မီမျိုးစေ့ထုတ်လုပ်ငန်းများကိုပါ စွမ်းစွမ်းတမံ ကူညီပံ့ပိုးပေးလျက်ရှိရာ မျိုးစိုက်ပျိုးရေးလုပ်ငန်းသည် ပိုမိုခိုင်မာအားကောင်းသော လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း မျိုးစိုက်ပျိုးထုတ်လုပ်မှုကို ကျေးလက်အခြေပြု အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရန် မဟာဗျူဟာများ ချမှတ်ကာ ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ MSME ကဏ္ဍနှင့် ချိတ်ဆက်လာခြင်းကြောင့် တောင်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရုံမျှမကဘဲ တန်ဖိုးမြှင့် မျိုးအခြေခံစားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများအထိ တိုးချဲ့နိုင်ရန် အတိုးနှုန်းသက်သာသော အထူးချေးငွေများ ထောက်ပံ့ပေးခြင်း၊ ဒေသတွင်းသမဝါယမအသင်းစုများနှင့် ပူးပေါင်းကာ ကုန်ထုတ်လုပ်မှုကွင်းဆက်(Value Chain) ခိုင်မာစေခြင်း၊ လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်နိုင်ရန်အတွက် နည်းပညာရပ်ဆိုင်ရာ အခမဲ့သင်တန်းများပေးခြင်း စသည့်လက်တွေ့ကျသော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ပြီဖြစ်သည်။

ထို့ကြောင့် မိမိတို့၏ ဘဝတိုးတက်ရေးနှင့် ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အမှန်တကယ် ပြောင်းလဲလိုသူ မည်သူမဆို နိုင်ငံတော်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့၏ နည်းပညာ၊ ရန်ပုံငွေနှင့် မျိုးစေ့ပံ့ပိုးမှုများနှင့် ထိရောက်စွာ ချိတ်ဆက်ကာ တွက်ခြေကိုက်ပြီး ပျော်ရွှင်စရာကောင်းသော မျိုးစိုက်ပျိုးရေးလုပ်ငန်းကို ရဲရဲဝံ့ဝံ့ စမ်းသပ်လုပ်ကိုင် ကြည့်ရင်း မိမိတို့၏အနာဂတ်ဝင်ငွေလမ်းကြောင်းကို စတင်ပုံဖော်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA ၊ KNU ၊ AA ၊ ABSDF ၊ SAF နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အမျိုးသား ၂၈၀၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်း အပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA၊ KNU၊ AA၊ ABSDF၊ SAF နှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များနှင့် အကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင် အမျိုးသား ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။




အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာ ပုဒ်မများအား အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA –1 အမျိုးအစား သေနတ်နှစ်လက်၊ MA –2 အမျိုးအစား သေနတ်တစ်လက်၊ MA –3 အမျိုးအစား သေနတ်တစ်လက်၊ MA –4 အမျိုးအစား သေနတ်တစ်လက်၊ M–22 အမျိုးအစား သေနတ်တစ်လက်၊ Type 81 အမျိုးအစား သေနတ်နှစ်လက်၊ ပွိုင့် ၂၂ စနိုက်ပါအမျိုးအစား သေနတ်တစ်လက်၊ လက်လုပ်သေနတ်တစ်လက် စုစုပေါင်း လက်နက်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်မျိုးစုံ ၁၇ခု၊ ကျည်မျိုးစုံ ၆၇၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သေနတ်ကိုးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံး အတွက် ဆုကြေးငွေကျပ် ၃၆ သိန်းနှင့် လက်နက်မပါဘဲ ဥပဒေဘောင်အတွင်း ရောက်လာသူများ အတွက် ငွေကျပ် ၂၉၁ သိန်း စုစုပေါင်း ဆုကြေးငွေကျပ် ၇၈၂ သိန်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြသည်။

ယနေ့ အခမ်းအနားများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသားလေးဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသားနှစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၄၃ ဦး၊ အမျိုးသမီးရှစ်ဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးနှစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသားနှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသားကိုးဦး၊ အမျိုးသမီးတစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသားနှစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၈၇ ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၃၆ ဦး၊ အမျိုးသမီးနှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီးလေးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသားလေးဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး၊ တောင်သာမြို့နယ်မှ အမျိုးသားနှစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ ချောက်မြို့နယ်မှ အမျိုးသားငါးဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသားခြောက်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသားသုံးဦး၊ မင်းလှမြို့နယ်မှ အမျိုးသားနှစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသားတစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား၂၁ ဦး၊ အမျိုးသမီးနှစ်ဦး ပေါင်း အမျိုးသား ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင် အတွင်း ဝင်ရောက်လာကြသူများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ သူငယ်ချင်းတွေရဲ့ တိုက်တွန်းမှုနဲ့ အိမ်က အဆင်မပြေမှုတွေကြောင့် ရောက်သွားတာပေါ့။ အဲဒီအဖွဲ့အစည်းမှာ ကျွန်တော် သင်တန်းနှစ်ပတ် တက်ခဲ့ရပါတယ်။ အဖွဲ့အစည်းမှာ မနေချင်တော့တဲ့ အကြောင်းရင်းတစ်ခုကတော့ ကျွန်တော်တို့ကို ရှေ့တန်းမှာ အသေခံပုံစံမျိုးကြီး ထားထားတာ။ဘယ်လိုပဲဖြစ်နေနေ ကျွန်တော်တို့သေ သူတို့မသေရင် ပြီးတာပဲ။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ သဘောနဲ့ ကျွန်တော်တို့ကို ထားထားတယ်။ သေနတ်ကိုလည်း မကောင်းတဲ့ GUN နဲ့ ကောင်းတဲ့ GUN ဆို မကောင်းတဲ့ GUN က သုံးလလောက်နဲ့ ကောင်းတဲ့ GUN က တစ်လလောက်ပဲ ပေးထားတယ်။ သူတို့ကတော့ ရွာထဲကို သွားပြီးတော့ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့။ ကျွန်တော်တို့ဆီမှာတော့ ဘာပျော်ရွှင်မှု၊ ဘာလွတ်လပ်ခွင့်မှ မရှိဘူး။ နောက်ပြီးတော့ ခေါင်းဆောင်ပိုင်းတွေ ရှိတယ်၊ အလှူခံ အလှူခံဆို သူတို့အိတ်ထဲကို ထည့်တယ်။ သူတို့ မိန်းမတွေဆီ လွှဲပေးတယ်။ သူတို့သားသမီးတွေ ကောင်းစားဖို့အတွက် လုပ်နေတာ။ တန်းစီကွင်းထဲရောက်တိုင်းလည်း အမြဲတမ်းပြောတယ်၊ တပ်မတော်ဘက်ကို သွားရင် နင်တို့ကို ညှဉ်းပန်းနှိပ်စက်မယ်၊ သတ်မယ်၊ အရှင်လတ်လတ် မီးရှို့တာတွေရှိတယ်။ ကျွန်တော် အခုရောက်တော့ အဲလို မဟုတ်ဘူး။ တပ်မတော်ဘက်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်၊ နေစရာ ထိုင်စရာ ပေးတယ်၊ စားစရာပေးတယ်၊ ထောက်ပံ့တယ်၊ မိဘထံ ပြန်အပ်နှံပေးတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကို မောင်နှမတွေလည်း အမြန်ဆုံး တပ်မတော်နဲ့ ပူးပေါင်းပြီး အလင်းဝင်ဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်။

၂။ ညီမ ဒီထဲကို စရောက်တာကတော့ ညီမ သူငယ်ချင်းတစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ စရောက်တာပါ။ သူငယ်ချင်းက ဒီထဲကို လာခဲ့ဖို့ခေါ်တော့ ကျွန်မလည်း အဆင်ပြေပြေနဲ့ဆိုတော့ ရောက်သွားတယ်။ ရောက်သွားတော့ ကျွန်မ အဲဒီမှာ တစ်လသင်တန်းတက်ခဲ့ရတယ်။ တစ်လသင်တန်းတက်ခဲ့ပြီး ကျွန်မတို့ကို စားဖိုဆောင်မှာ တာဝန်ထမ်းဆောင်ခိုင်းတယ်။ ကျွန်မတို့ စားဖိုဆောင်မှာ တစ်ပတ်တစ်ခါ အသီးအရွက်နဲ့ ဆန်ရိက္ခာတွေ လာပို့တယ်။ လာပို့တဲ့အချိန်မှာ ကျွန်မတို့ တစ်နေ့ကို ထမင်းနှစ်နပ်စာပဲ စားရတယ်။ တစ်ခါတလေ ခရမ်းချဉ်သီး တစ်ခွက်နဲ့လည်း ကျွန်မတို့ စားခဲ့ရတယ်။ ဒုက္ခတွေလည်း အများကြီးကြုံခဲ့ရတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့ကို ထောက်ပို့ထီ ရောင်းခိုင်းတယ်။ ရွာတွေမှာ ထောက်ပို့ထီ ရောင်းရတယ်။ အစပိုင်းကတော့ ပြည်သူတွေက ကျွန်မတို့ကို ကြည်ဖြူတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့ကို မကြည်ဖြူတော့ဘူး။ ထီရောင်းမယ်ဆိုလို့ရှိရင် ထောက်ပို့ထီလေးအားပေးပါဦး ကျွန်မတို့က ပြောလို့ရှိရင်တောင် ‘သွားသွား မလာနဲ့၊ နင်တို့ကို လက်မခံတော့ဘူး၊ နင်တို့ ထီတွေလည်း အားမပေးချင်တော့ဘူး’ ဆိုပြီး ပြောခဲ့တယ်။ ကျွန်မတို့ ထောက်ပို့ထီတွေ ရောင်းလို့ရတဲ့ငွေတွေကို သူတို့အကြီးပိုင်းတွေဆီ အကုန်လုံးပြန်အပ်ရတယ်။ အဲဒီရတဲ့ငွေတွေကလည်း ဘယ်နေရာမှာ ဘယ်လိုသုံးတယ်ဆိုတာလည်း ကျွန်မတို့ကို မပြောခဲ့ဘူး။ ဒါပေမယ့် သူတို့ကတော့ အမြဲတမ်း KTV သွားတယ်၊ ဘီယာဆိုင်ထိုင်တယ်။ သူတို့ကိုယ်ကျိုးအတွက်ပဲ အမြဲတမ်း ရှိတာ။ အောက်ကရဲဘော်တွေ ဖြစ်ချင်သလိုဖြစ်၊ နေချင်သလိုနေ သူတို့ ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံမျိုးတွေနဲ့ ပိုဆိုးလာခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်မက ဒီထဲမှာမနေချင်တော့တဲ့အတွက် ထွက်ပြေးလာခဲ့တာ။ ပြီးတော့ ကျွန်မတို့ အဲဒီထဲမှာနေခဲ့ရတဲ့ နှစ်နှစ်တာကာလအတွင်းမှာ ကျွန်မတို့အတွက် အသက်အာမခံဆိုတာ မရှိခဲ့ဘူး။ ကျွန်မတို့အတွက် လုံခြုံရေးဆိုတာလည်း မရှိခဲ့ဘူး။ ဘယ်အချိန်ကိုယ့်ကို ဘယ်လိုလုပ်မလဲဆိုတာပဲတွေးပြီး သူတို့ကို ကြောက်နေရတာ။ အဲဒီအချိန်မှာ ကျွန်မက ဒီထဲမှာ သူငယ်ချင်းတွေကလည်းအလင်းဝင်သွားတဲ့သူတွေ ရှိတဲ့အတွက် အလင်းလာပြီးတော့ ဝင်ရောက်တာပါ။ တောထဲမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း ပြောချင်ပါတယ်။ သူတို့ပြောသလိုမျိုးပေါ့နော်၊ ဒီထဲကို အလင်းလာဝင်လို့ရှိရင်လည်း သတ်ဖြတ်ပြီးတော့ နှိပ်စက်နေတာ မဟုတ်ပါဘူးလို့။ ထင်သလိုမျိုး တစ်ခုမှမဟုတ်ပါဘူး။ အကုန်လုံးက မောင်နှမတွေလို နွေးနွေးထွေးထွေးနဲ့ ကြည်ကြည်ဖြူဖြူနဲ့ ကျွန်မတို့ကို စားသောက်အနေအထိုင်ကအစ အကုန်လုံးပြည့်စုံအောင် ထားတယ်။ အဲဒါကြောင့်မို့ တောထဲမှာနေတဲ့ PDF တွေအကုန်လုံးကို ဒီမှာ အလင်းလာရောက် ဝင်စေချင်ပါတယ်လို့ ပြောချင်ပါတယ်။







**သတင်းစဉ်**

## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသား ရိုးရာအတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ပျိုးပင် ၁၂၀၀ ကျော် စိုက်ပျိုး




**ဘိုကလေး ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီသစ်တောကြိုးဝိုင်း၊ အကွက်အမှတ် (၆၃)တွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပရာ ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများဖြစ်သည့် ဗြူးရွှေဝါ၊ သမဲ့ကြီး၊ ကျနု၊ ကန့်ပလာ စသည့် သစ်မျိုးလေးမျိုး စုစုပေါင်း အပင် ၁၂၁၀ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးရန်နိုင်ဖြိုး၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

❖ *ကျောဖုံးမှ*

အိမ်ရှင် လာအိုအသင်းသည် ပွဲချိန် ၇ မိနစ်တွင် သွန်ခမ်ဆာဗက်၏ ဂိုးဖြင့် စတင်ဦးဆောင်နိုင်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းက ဒုတိယပိုင်း ပွဲချိန် ၄၇ မိနစ်တွင် လူစီရို၊ ၅၂ မိနစ်တွင် ဆိုင်ဒါဗွန် (ကျောဘက်ဂိုး–OG)၊ မိနစ် ၆၀ တွင် ဂါယိုဆိုနှင့် ၈၈ မိနစ်တွင် ဆာတိုတို့၏ ချေပဂိုး၊ ဦးဆောင်ဂိုးများ တုံ့ပြန်သွင်းယူခဲ့ခြင်းကြောင့် အိမ်ရှင်လာအိုအသင်း ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။

ယနေ့ပွဲစဉ်တွင် အကောင်းဆုံးကစားသမားဆု (Player of the Match) ကို ဖိလစ်ပိုင်အသင်းမှ COLE MROWKA က ရရှိခဲ့သည်။

အုပ်စု(A)တတိယနေ့ ပွဲစဉ်များတွင် ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ဂိုးမရှိသရေကျခဲ့ပြီး အင်ဒိုနီးရှားက တီမောအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

စင်ကာပူအသင်းသည် အုပ်စုပထမနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး အုပ်စုလက်ကျန်ပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် ဩဂုတ် ၇ ရက်တွင် ကစားရမည်ဖြစ်သည်။

အင်ဒိုနီးရှားအသင်းသည် တီမောအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့ကာ လက်ကျန်ပွဲစဉ်များအဖြစ် ဩဂုတ် ၃ ရက်တွင် ဗီယက်နမ်၊ ဩဂုတ် ၇ ရက်တွင် စင်ကာပူတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အိမ်ရှင်ဗီယက်နမ်အသင်းသည် အုပ်စုတတိယနေရာတွင် ရပ်တည်နေပြီး အုပ်စုအဆင့်တက်ရောက်နိုင်ရေး လက်ကျန်ပွဲစဉ်များတွင် အမှားအယွင်းမရှိဘဲ အမှတ်ပြည့်ရရှိရန်လိုအပ်နေသည်။

အုပ်စု(A)ပွဲစဉ်များအဖြစ် ဩဂုတ် ၃ ရက်တွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်း၊ ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ခတ်ပုံ–AFF**

❒ *ကျောဖုံးမှ*

ရောက်ရှိဖြတ်သန်းစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားသံလမ်းပေါ်သို့ သဲများနှင့် မြေသားများ ဖုံးလွှမ်းနေသဖြင့် ရထားတွဲဆိုင်းပါ ဦးဆောင်တွဲ RBE–30106 တစ်တွဲ လမ်းချော်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရထားတွင် ခရီးသည် ၆၁ ဦးပါရှိပြီး ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ခရီးသည်များအား ပြင်ဦးလွင်ဘူတာရှိ RBE–25801 ရထားဖြင့် ဖြစ်ပွားရာသို့ နံနက် ၉ နာရီမိနစ် ၅၀ တွင် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ နံနက် ၁၁ နာရီ ၁၁ မိနစ်တွင် ပြင်ဦးလွင်သို့ ပြန်လည်ရောက်ရှိ၍ ခရီးသည်များ၏ ကျသင့်လက်မှတ်ခငွေများအား ပြန်လည်ပေးအပ်ခဲ့သည်။

ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် သံလမ်း/တွဲ လုပ်သားများသည် နံနက် ၉ နာရီခွဲတွင် ရောက်ရှိပြီး ရထားလမ်းပိုင်းအား နေ့ချင်းပြီး ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် လမ်းချော်ကျသည့် ရထားတွဲအား 'မ'တင်ခြင်းနှင့် ရထားလမ်း ပြုပြင်ခြင်းလုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

✤ *ကျောဖုံးမှ*

အသက် ၂၁ နှစ်အရွယ် အယ်လာသည် စဗစ်တိုလီနာနှင့် ဇွန်လနှောင်းပိုင်းက ကျင်းပခဲ့သည့် ဘာလင်အိုးပင်းပြိုင်ပွဲတွင်လည်း ၆–၃၊ ၆–၄ ရလဒ်ဖြင့် အနိုင်ယူကာ နောက်တစ်ဆင့် တက်လှမ်းထားသူ ဖြစ်သည်။ အယ်လာသည် ၃၂ ဦးအဆင့်တွင် တရုတ်တင်းနစ်မယ် ကျင်ဝမ်ကျန်း၊ ၁၆ ဦးအဆင့်တွင် လက်ရှိချန်ပီယံ လေလာဖာနန်ဒက်စ်တို့ကိုလည်း အနိုင်ယူကျော်ဖြတ်ထားသူဖြစ်သည်။ ၎င်းသည် ဇွန်လအစောပိုင်းက ကျင်းပခဲ့သည့် ဘာမင်ဂမ် ကလက်စ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ချက်ဇ်တင်းနစ်မယ် နီကိုလာဘာတွန်ကိုဗာကို အနိုင်ယူပြီး ဖလားဆွတ်ခူးထားသည်။

အယ်လာသည် မူဘာဒါလာ ဒီစီအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အသက် ၂၈ နှစ်အရွယ် ဂျပန်နာမည်ကြီး တင်းနစ်မယ် နာအိုမီအိုဆာကာနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အိုဆာကာသည် ကွာတားဖိုင်နယ်တွင် အီတလီတင်းနစ်မယ် ကိုရက်တိုနှင့်တွေ့ဆုံခဲ့ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ကာ ၄–၆၊၆–၄၊ ၆–၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်တက်လှမ်းလာသူဖြစ်သည်။ **အောင်ဇော်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

◆ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် ၆၂ လမ်းနှင့် ၆၄ လမ်းကြား မနော်ဟာရီလမ်းရှိ မီလျံနာ ရွှေဆိုင်အား အမျိုးသားခြောက်ဦးက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းသို့ သေနတ်ပစ်ဖောက်ဝင်ရောက်ကာ မှန်ကောင်တာများအား ပုဆိန်ဖြင့် ရိုက်ခွဲ၍ ရွှေထည်ပစ္စည်းမျိုးစုံ၊ စုစုပေါင်းရွှေချိန် ၈၅ ကျပ်သား ၄ ပဲခန့်(တန်ဖိုးငွေကျပ် ၅၉၂၉ သိန်း) ခန့်အား ဓားပြတိုက်လုယက်ယူဆောင် ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

မီလျံနာ ရွှေဆိုင်အား လုယက်မှု ကျူးလွန်ရာတွင် သိန်းမြင့်(ခ) ရွှေဘိုမောင်နိုင် (ခ) မျိုးခိုင်(ခ)ကိုနိုင်က ခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး လုယက်မှုကျူးလွန်ရန် ရွှေဆိုင်များအား လှည့်လည်ကြည့်ရှုခြင်းနှင့် လုယက်စဉ် ဆိုင်ရှေ့လမ်းပေါ်မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း၊ ရွှေဆိုင်အတွင်းသို့ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ) အကြီးကောင်က သေနတ်ပစ်ဖောက်ဝင်ရောက်၍ ကျော်စိုးဝင်းက ဆိုင်အပြင်မှ လေးခွဖြင့် ပစ်ခတ်ရန် အသင့်စောင့်နေခဲ့ပြီး ကောင်းခန့်ကျော်(ခ)ဘိုကောင်းက ပုဆိန်ဖြင့် မှန်ကောင်တာများအား ထုခွဲကာ ထက်ဝေကျော် (ခ) ကိုထက်နှင့် ရှိုင်းကို(ခ)ငရှိုင်းတို့ နှစ်ဦးက ရွှေထည်ပစ္စည်းများအား သယ်ယူခဲ့ကြကြောင်း၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင် (ခ) မျိုးခိုင်(ခ)ကိုနိုင်၏ နေအိမ်တွင် အရည်ကျိုပုံဖျက်၍ ၎င်း၏ဇနီးဖြစ်သူ အိအိချောနှင့် ချွေးမဖြစ်သူ နှင်းသန္တာအောင်(ခ)နှင်းနှင်းတို့က ၎င်းရွှေတုံးများအား ရန်ကုန်မြို့ရှိ မောင်မောင်မင်းဇော်(ခ) ကိုမင်း(ခ) ကျားကြီး၏ ချိတ်ဆက်ပေးမှုဖြင့် ရွှေရောင်း/ဝယ်လုပ်ကိုင်သူ နေလင်းထံတွင် ရောင်းချခဲ့ကြောင်း သိရသည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်၊ ကောင်းခန့်ကျော်(ခ)ဘိုကောင်း၊ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ) အကြီးကောင်တို့ သုံးဦးသည် ထွန်းလင်းအောင်(ခ)နိုင်ကိုကိုနှင့် ဝေဖုန်းသူ(ခ)ဝေကြီးတို့ နှစ်ဦးနှင့်အတူ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ ပေါ်ဦးရွှေဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့ကြကြောင်း၊ လုယက်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်းများအား သန်းစိုးက ထုခွဲရောင်းချပေးခဲ့ကြောင်း သိရပြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ သန်းစိုး(၅၅)နှစ်၊ ထွန်းလင်းအောင်(ခ) နိုင်ကိုကို (၂၈) နှစ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် အောင်ကျော်ဇော (ခ) အောင်ကျော် (ခ)အကြီးကောင်သည် ၂၀၂၅ ခုနှစ် ဧပြီ ၁၀ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ မိုးမန္တလေးရွှေဆိုင်အား လုယက်မှုမှ ဖမ်းဆီးရမိတရားခံများဖြစ်ကြသည့် ငြိမ်းလင်းကိုကို(ခ) ငလက်မ၊ ရဲနိုင်စိုးနှင့် နိုင်လင်းခန့်(ခ)မိုးဒီ၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် အောင်ကျော်ဦး(ခ)ဆံရှည်၊ ဝေဖုန်းသူ (ခ)ဝေကြီးတို့နှင့်အတူ လုယက်မှုကျူးလွန်ခဲ့ကြောင်းလည်း ထပ်မံဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ချမ်းမြသာစည်မြို့နယ်ရှိ မီလျံနာရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်တို့ ခြောက်ဦးနှင့် ပူးပေါင်းပါဝင်သူ ငါးဦး စုစုပေါင်း တရားခံ ၁၁ ဦးတို့အား ရွှေထည်ပစ္စည်း စုစုပေါင်း အလေးချိန် ၄၂ ကျပ်သား ၁၄ ပဲ ၃ ရွေး၊ ငွေကျပ်သိန်း ၅၄၀၊ SHG SAUER P 320 အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ A USA 380 AUTO ကျည် ၂၇ တောင့်၊ ဆိုင်ကယ် လေးစီး၊ လေးခွ တစ်လက်၊ မူလီ (ကုန်းသီး) ၃၁ လုံးတို့နှင့် လည်းကောင်း။

မဟာအောင်မြေ မြို့နယ်ရှိ ပေါ်ဦးရွှေဆိုင်အား လုယက်ရာတွင် သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်၊ အောင်ကျော်ဇော(ခ)အောင်ကျော် (ခ) အကြီးကောင်၊ ကောင်းခန့်ကျော်(ခ)ဘိုကောင်းတို့ သုံးဦးနှင့်အတူ ပူးပေါင်း ကျူးလွန်ခဲ့သူများဖြစ်ကြသည့် ထွန်းလင်းအောင်(ခ)နိုင်ကိုကိုနှင့် သန်းစိုးတို့ နှစ်ဦးအား လည်းကောင်း ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ လုယက်မှု နှစ်မှုမှ ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း တရားခံ ၁၃ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် လုယက်မှုများမှ ဖမ်းဆီးရန်ကျန် တရားခံများနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေ့ပြောင်းနေထိုင်သူများ စပိန်နိုင်ငံပိုင် ဆီယူတာနယ်မြေသို့ အစုလိုက်အပြုံလိုက် ဝင်ရောက်




**မက်ဒရစ် ဩဂုတ် ၁**

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း မိုရိုကိုနိုင်ငံမှ စပိန်နိုင်ငံပိုင် မြောက်အာဖရိကနယ်မြေ ဆီယူတာသို့ ရွှေ့ပြောင်းနေထိုင်သူ ၆၀၀၀ ခန့် ဝင်ရောက်လာကြောင်း တာဝန်ရှိသူများက ပြောသည်။ လက်ရှိတွင် လုံခြုံရေးတိုးမြှင့်နိုင်ရန်အတွက် အဆိုပါဒေသသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်ဖြန့်ကြက်ထားကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှုများအတွင်း လူ ၅၇ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၄၈၀၀၀ ခန့်မှာ မူလနေရာများသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ပြောသည်။ ယင်းကဲ့သို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများသည် စပိန်နိုင်ငံ၏ နယ်မြေအချုပ်အခြာအာဏာကို ချိုးဖောက်ရာရောက်ကြောင်း စပိန်ဝန်ကြီးချုပ် ပက်ဒရို ဆန်းချက်ဇ်က ဇူလိုင် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ဆီယူတာမြို့သည် ဥရောပသို့ ဝင်ရောက်ရန် ကြိုးပမ်းသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် ကာလရှည်ကြာ အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်ပြီး ယခုကဲ့သို့ အစုလိုက်အပြုံလိုက် နယ်စပ်ဖြတ်ကျော်မှု ဖြစ်ပွားရခြင်းမှာ မကြာသေးမီက ချမှတ်ခဲ့သည့် တရားရုံးဆုံးဖြတ်ချက် တစ်ရပ်နှင့် ဆက်နွှယ်နိုင်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။

စပိန် တရားရုံးချုပ်က ပင်လယ်ပြင်အတွင်း ကြားဖြတ်ဖမ်းဆီးရမိသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို မိုရိုကိုနိုင်ငံသို့ ချက်ချင်းပြန်လည်ပို့ဆောင်ခြင်းမပြုရဟု ဇူလိုင်လအတွင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပ ကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလေယန်က ဆီယူတာဒေသမှ ထွက်ပေါ်လာသည့် ဓာတ်ပုံများမှာ လက်ခံနိုင်ဖွယ်မရှိကြောင်းနှင့် ဥရောပသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိသော သူများကို ဝင်ရောက်ခွင့် မပြုနိုင်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ရွှေ့ပြောင်း နေထိုင်သူများသည် ဆီယူတာဒေသမှ အခြားအီးယူအဖွဲ့ဝင်နိုင်ငံများသို့ ပြောင်းရွှေ့သွားသည့် အရိပ်အယောင်များ မတွေ့ရှိရသေးကြောင်း အီးယူတာဝန်ရှိသူတစ်ဦးက ပြောသည်။

အင်န်အိတ်ချ်ကေ

■

# မလေးရှားနိုင်ငံ၏ လူဦးရေ ၂၀၂၄ ခုနှစ်အတွင်း ၃၄ ဒသမ ၄ သန်းအထိ ရှိလာဟု ခန့်မှန်း

**ကွာလာလမ်ပူ ဩဂုတ် ၁**

မလေးရှားနိုင်ငံ၏ လူဦးရေမှာ ၂၀၂၄ ခုနှစ်အတွင်း ၃၄ ဒသမ ၄ သန်း အထိ ရှိလာမည်ဟု ခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်က လူဦးရေ ၃၄ ဒသမ ၂ သန်းရှိခဲ့ရာမှ တိုးလာခြင်းဖြစ်ကြောင်း ဇူလိုင် ၃၁ ရက် ထုတ်ပြန်သည့် တရားဝင်စာရင်းအင်းများအရ သိရသည်။

နိုင်ငံသားဦးရေမှာ ၂၀၂၃ ခုနှစ်က ၃၀ ဒသမ ၈ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၃၁ သန်းသို့ တိုးလာပြီး ၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ တစ်ဖက်တွင် နိုင်ငံသားမဟုတ်သူဦးရေမှာ ဆက်လက်ကျဆင်းနေပြီး ၂၀၂၃ ခုနှစ်က ၀ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၀ ဒသမ ၂ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း သိရသည်။ ဆင်ဟွာ

# တစ်ပိုင်းလျှပ်ကူးပစ္စည်း တင်ပို့မှုမှ တောင်ကိုရီးယားနိုင်ငံ၏ ဇူလိုင်လ ပို့ကုန်တန်ဖိုးမြင့်တက်

**ဆိုးလ် ဩဂုတ် ၁**

တောင်ကိုရီးယားနိုင်ငံတွင် တစ်ပိုင်းလျှပ်ကူးပစ္စည်း တင်ပို့မှုလုပ်ငန်း ကောင်းမွန်လာခြင်းကြောင့် ဇူလိုင်လအတွင်း ပို့ကုန်တန်ဖိုး မြင့်တက်ခဲ့ပြီး ပို့ကုန်ဒုတိယအမြင့်ဆုံးလအဖြစ် စံချိန်တင်ခဲ့ကြောင်း ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်သည့် အစိုးရအချက်အလက်များအရ သိရသည်။

ပြည်ပသို့ တင်ပို့မှုတန်ဖိုးသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၈၉ ဘီလီယံရရှိခဲ့ကြောင်း၊ ဇူလိုင်လ ပို့ကုန်တန်ဖိုးမှာ ယခင်လက အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၂ ဘီလီယံဖြင့် စံချိန်တင်အမြင့်ဆုံးရရှိခဲ့ပြီးနောက် ဒုတိယအမြင့်ဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

# အန်ကောရှေးဟောင်းသုတေသနဥယျာဉ်သို့ နိုင်ငံတကာခရီးသွား ၄၂၈၂၃ ဦး အလည်အပတ်လာရောက်ခဲ့

**ဖနောင်ပင် ဩဂုတ် ၁**

ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကောရှေးဟောင်းသုတေသနဥယျာဉ်သည် ၂၀၂၄ ခုနှစ် ပထမခုနစ်လအတွင်း လက်မှတ်ရောင်းချမှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃ သန်း ရရှိခဲ့ပြီး အဆိုပါဝင်ငွေမှာ ယမန်နှစ် အလားတူကာလကရရှိခဲ့သည့် ဒေါ်လာ ၂၈ ဒသမ ၆ သန်းထက် ၂၉ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့ကြောင်း ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အစီရင်ခံစာအရ သိရသည်။

ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာသို့ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း နိုင်ငံတကာခရီးသွား ၄၂၈၂၃ ဦး လာရောက်ခဲ့ကြောင်း Angkor Enterprise က ထုတ်ပြန်ထားသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လတစ်လတည်းတွင် နိုင်ငံခြားသားလာရောက်မှုမှာ ၄၀၄၅၁ ဦးရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၁ ရာခိုင်နှုန်းလျော့နည်းခဲ့သည်။ ထို့ပြင် လစဉ်လက်မှတ်ရောင်းရငွေမှာ ဒေါ်လာ ၁ ဒသမ ၈၅ သန်းရှိခဲ့ပြီး ၂၀ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

# အပူချိန်လွန်ကဲမှုနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ခါတွန်မြို့ခံများ၏ နေ့စဉ်လူနေမှုဘဝ ပိုမိုခက်ခဲလာ

**ခါတွန် ဩဂုတ် ၁**

ဆူဒန်နိုင်ငံ၏ မြို့တော်ခါတွန်သည် ပဋိပက္ခများကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆိုးရွားသော အကျိုးဆက်များမှ ပြန်လည်နာလန်ထူနိုင်ရန် ကြိုးပမ်းနေချိန်တွင် လျှပ်စစ်ဓာတ်အား ကြာရှည်စွာပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အစားအစာသိုလှောင်သိမ်းဆည်းမှု၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်လျက်ရှိကာ ဒေသခံပြည်သူများ၏ နေ့စဉ်လူနေမှုဘဝမှာ ပိုမိုခက်ခဲလာကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများမှာ တစ်ကြိမ်လျှင် ၄၈ နာရီအထိ ကြာမြင့်လေ့ရှိပြီး ခါတွန်မြို့တော်ဒေသ အများအပြားသည် အဆိုးရွားဆုံးထိခိုက်ခံစားနေရသည့် နေရာများတွင် ပါဝင်ကြောင်း သိရသည်။ လျှပ်စစ်ဓာတ်အား ကြာရှည်ပြတ်တောက်ခြင်းနှင့် အပူချိန်မြင့်မားမှုတို့ကြောင့် ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများလည်း မြင့်တက်လျက်ရှိသည်။

ကျန်းမာရေးကျွမ်းကျင်သူ အိုဆာမာအဝါဒါလာက အပူချိန်လွန်ကဲမှုကြောင့် အရေပြားအဖုအပိန့်များထွက်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ အပူဒဏ်ကြောင့် အားအင်ကုန်ခန်းခြင်းနှင့် အပူလျှပ်ခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။ ဆင်ဟွာ

# လက်ဘနွန်တောင်ပိုင်း၌ အခြေခံအဆောက်အအုံများ ပျက်စီးသဖြင့် နေရပ်ပြန်မှုများ အခက်ကြုံနိုင်



**ဂျီနီဗာ ဩဂုတ် ၁**

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် ရေပေးဝေရေးစနစ်နှင့် အခြားအခြေခံ အဆောက်အအုံများ ပျက်စီးနေသဖြင့် နေရပ်ပြန်လာကြသည့် နေရပ်စွန့်ခွာပြည်သူ တစ်သန်းခန့်အပေါ် အခက်အခဲကြုံတွေ့နိုင်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းက ဇူလိုင် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ရေပေးဝေရေး အဖွဲ့ဖြစ်သည့် South Lebanon Water Establishment ၏ ကနဦး အကဲဖြတ်ချက်အရ တောင်ပိုင်းနှင့် နာဘာတီယာ ပြည်နယ်တို့တွင် ရေပေးဝေရေးစနစ်များ ပျက်စီးနေပြီး လူပေါင်း ခုနစ်သိန်းကျော် သောက်သုံးရေရရှိရေး အဟန့်အတား ဖြစ်ပေါ်နေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောသည်။

ရေသိုလှောင်ကန်များ၊ ရေစုပ်ယူရေးစခန်းများနှင့် အခြားရေပေးဝေရေး အခြေခံအဆောက်အအုံများ ပျက်စီးနေခြင်းကြောင့် အများပြည်သူ ကျန်းမာရေး ထိခိုက်မည့်အန္တရာယ် မြင့်တက်လျက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း ထိခိုက်စေသည်။

နေရပ်စွန့်ခွာသူ ၈၂၀၀၀ ကျော်မှာ ၎င်းတို့၏ အသိုက်အဝန်းများသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ၃၆၀၀၀၀ မှာ နေရပ်စွန့်ခွာသူများအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ ၎င်းတို့အနက် လူပေါင်း ၂၇၀၀၀ ခန့်မှာ စုပေါင်းယာယီခိုလှုံရေးစခန်းများတွင် နေထိုင်နေဆဲဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောသည်။

ဆင်ဟွာ

# လစ်ဗျားနိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် လျှပ်စစ်မီး လုံးဝပြတ်တောက်မှု ဖြစ်ပေါ်

**ထရီပိုလီ ဩဂုတ် ၁**

လစ်ဗျားနိုင်ငံ အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသအချို့တို့တွင် ဩဂုတ် ၁ ရက် နံနက်ပိုင်းက လျှပ်စစ်မီး လုံးဝပြတ်တောက်မှုနှင့် ကြုံတွေ့နေရကြောင်း ပြည်တွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ ယခုကဲ့သို့ ကျယ်ပြန့်စွာ လျှပ်စစ်မီး ပြတ်တောက်ရသည့် အကြောင်းရင်းကို မသိရသေးသကဲ့သို့ လျှပ်စစ်ဓာတ်အား မည်သည့်အချိန်တွင် ပြန်လည်ရရှိမည်ကိုလည်း မသိရသေးပေ။

လစ်ဗျားနိုင်ငံသည် မကြာသေးမီရက်ပိုင်းအတွင်း လျှပ်စစ်မီး မကြာခဏပြတ်တောက်မှုနှင့် ကြုံတွေ့နေရပြီး နိုင်ငံအတွင်း အပူလှိုင်းဒဏ်ကိုလည်း ခံစားနေရသည်။

လျှပ်စစ်ကဏ္ဍတွင် ဓာတ်အားပေးစက်ရုံကြီးများ လည်ပတ်ရန် သဘာဝဓာတ်ငွေ့ ပြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမလုံလောက်ခြင်း စသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

ဆင်ဟွာ

# ကမ္ဘောဒီးယား၌ ယခုနှစ်အတွင်း မူးယစ်ဆေးဝါး သံသယရှိသူ ၁၆၀၀၀ ကျော် ဖမ်းဆီးရမိ

**ဖနောင်ပင် ဩဂုတ် ၁**

ကမ္ဘောဒီးယား အာဏာပိုင်များသည် ၂၀၂၄ ခုနှစ် ပထမခုနစ်လအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်၍ သံသယရှိသူ ၁၆၄၉၈ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အရေအတွက်မှာ ယမန်နှစ် အလားတူကာလက ဖမ်းဆီးရမိသူ ၁၄၉၇၇ ဦးရှိခဲ့ရာမှ ၁၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဌာန (ADP) က ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဖမ်းဆီးရမိသူများ အနက် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ နိုင်ငံခြားသား ၈၈၉ ဦး ပါဝင်ပြီး ၎င်းတို့အနက် အမျိုးသမီး ၁၀၈ ဦး ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

## လေရှီးမြို့၌ ဝါးလက်မှုနှင့် ကတ္တီပါဖိနပ်ပြုလုပ်နည်း သင်တန်းဆင်း

**လေရှီး ဩဂုတ် ၁**
စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့၌ ဝါးလက်မှုနှင့် ကတ္တီပါဖိနပ်ပြုလုပ်နည်း သင်တန်းဆင်းပွဲကို ဇူလိုင် ၃၀ ရက်တွင် လေရှီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က သင်တန်းမှ ရရှိခဲ့သည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကို လက်တွေ့အသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများ၏ သင်တန်းကာလအတွင်း ကိုယ်တိုင်ပြုလုပ် ဖန်တီးထားသည့် ကတ္တီပါဖိနပ်များနှင့် ဝါးလက်မှုလက်ရာများကို ကြည့်ရှုအားပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး သုတ ရသ စာပေ စာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် ဩဂုတ် ၁**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သုတ၊ ရသ၊ စာပေ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ အသင်းနာယက၊ စာရေးဆရာ



အသင်းဥက္ကဋ္ဌ၊ အငြိမ်းစား ပြန်/ဆက် ဦးစီးအရာရှိတို့က အမှာစကားများ ပြောကြားကြပြီး အသင်းဒုတိယဥက္ကဋ္ဌက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာ (မောင်ရွှေမန်း-အင်းစိန်)က စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ) ၏ အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ အမည်ရှိစာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးဟောပြောပြီး စာရေးဆရာများနှင့် စာပေဥယျာဉ်အသင်းဝင်များက အမြင်ချင်းဖလှယ်ကြကာ အသင်းဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ တောင်တွင်းကြီး)က အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျောက်တန်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**ကျောက်တန်း ဩဂုတ် ၁**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး (၁/ ၂၀၂၆) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းသားများကိုယ်စား စံချိန်မီရပ်ကွက်အုပ်ချုပ်ရေးမှူးအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းသို့ သင်တန်းသား ၅၈ ဦး တက်ရောက်ခဲ့ပြီး



ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သည်။

မြို့နယ်(ပြန်/ဆက်)

## ငပုတောမြို့နယ်၌ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

**ငပုတော ဩဂုတ် ၁**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ လယ်ယာမြေဥပဒေနှင့်အညီ ရောင်း/ပေါင်း/လဲ/ငှား/ပေး ဆောင်ရွက်ခဲ့သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပေးအပ်ပွဲကို ယမန်နေ့နံနက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်လယ်ယာမြေ



စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦးက အမှာစကား ပြောကြားပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမင်းဇင်နိုင်တို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဒေသခံတောင်သူ ၅၆ ဦးအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ -၇)များ ပေးအပ်ခဲ့ကြောင်းသိရသည်။

အောင်သူ(ပြန်/ဆက်)

## မှော်ဘီမြို့နယ်၌ ရပ် / ကျေးအုပ်ချုပ်ရေးမှူးများအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်

**ရန်ကုန် ဩဂုတ် ၁**
ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဆင်းပွဲကို ဇူလိုင် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စုမှအုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)





ဗိုလ်တထောင်ခရိုင် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၂၆) ဆင်းပွဲကို ဇူလိုင် ၂၈ ရက်က ဒေါပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဗိုလ်တထောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ ချစ်စုဝေ

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊
စွမ်းအင်လည်းရ၊ ပြည်လည်းလှ။




မအူပင်မြို့၌ ကျေးရွာမြေငှားဂရန်စာချုပ်ပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် တာဝန်ရှိသူများက ထနီးရွာကြီးပိုင်းကျေးရွာရှိ ကျေးရွာမြေကေ ၂၆ ဒသမ ၀၂ ကေအတွင်း နေထိုင်ကြသည့် မြေငှားဂရန်လျှောက်ထားသည့် အိမ်ခြေ ၆၅ လုံးအတွက် မြေငှားဂရန်များ ထုတ်ပေးစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)



ကော့သောင်းခရိုင်အတွင်းရှိ ပိုးသတ်ဆေးအရောင်းဆိုင်များ၌ အဆိပ်ရှိပစ္စည်းများဖြစ်သည့် Thiamethoxam နှင့် Clothianidin ပိုးသတ်ဆေးများအား ဖြန့်ဖြူးရောင်းချခြင်းမရှိစေရေး အသိပညာပေးခြင်းကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်ဇော်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၃၀ ရက်က ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



မိုင်းပန်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမ၌ ဇူလိုင် ၂၈ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အမှာစကားပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၇ ရက်က မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးနေလင်းအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ငါးဦးဖြင့် မဟာမြိုင်(၂) ရပ်ကွက်အတွင်းရှိ စင်တင်တေးဂီတ၊ KTV များကို မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



တောင်ငူမြို့ တောင်ငူပညာရေးဒီဂရီကောလိပ်၌ မိုးရာသီ မြို့နယ်အဆင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အပင် ၇၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြစဉ်။ ဇော်ကိုကို(တောင်ငူ)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် မြို့ရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်က အမှတ်(၃၉)ရပ်ကွက် ဓမ္မသိဒ္ဓိဓမ္မာရုံ၌ ကျင်းပရာ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာခြည်လင်းနှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသည့် မြို့ရွာသန့်ရှင်း သာယာလှပရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။



ထို့နောက် တက်ရောက်လာသူများက မိမိတို့ မြို့နယ်အတွက် ရေစီးရေလာကောင်းမွန်ရေး၊ ရေပေးဝေရေး၊ ကျန်းမာရေး၊ မြို့ပြပတ်ဝန်းကျင်သန့်ရှင်းသာယာရေးတို့နှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ **မြင့်မြင့်ရီ**

## သာစည်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် အွန်လိုင်းမှ လျှပ်စစ်ဓာတ်အားခပေးဆောင်ခြင်း အသိပညာပေးဟောပြော

**သာစည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ဇူလိုင် ၃၀ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်မေသဇင်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်မော်က လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သတိပြုရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပြီး ကမ္ဘောဇဘဏ်ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားသုံးစွဲသူများ အနေဖြင့် မိမိနေအိမ်မှ လျှပ်စစ်ဓာတ်အားခများကို လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်ရေးအတွက် Online Banking ဖြင့် လျှပ်စစ်ဓာတ်အားခ ပေးဆောင်ပုံအဆင့်ဆင့်ကို ရှင်းလင်းဟောပြောသည်။

**ထွန်းထွန်း(သာစည်)**



## တီးတိန်မြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**တီးတိန် ဩဂုတ် ၁**

ချင်းပြည်နယ် တီးတိန်မြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



အဆိုပါ သင်တန်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၀ တက်ရောက်ပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာ ဘာသာရပ်များကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်

**ပခုက္ကူ ဩဂုတ် ၁**

ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဇော်ထွန်းလှိုင်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်၏ အရေးပါပုံများအကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူ ၄၇၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့သည်။

**ဘာမီသာ(ပခုက္ကူ)**

## ငပုတောမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ငပုတော ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ သဘာပတိ ဦးဝင်းချို၊ မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားများ ပြောကြားသည်။



ထို့နောက် ဒါရိုက်တာအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အစည်းအဝေးအစီရင်ခံစာကို အသင်းဒုတိယဥက္ကဋ္ဌ ဦးဖြိုးရာဇာဦးက ဖတ်ကြားတင်ပြပြီး နှစ်ချုပ်အစီရင်ခံစာနှင့် လက်ကျန်ရှင်းတမ်းများကို အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်လွင်က ဖတ်ကြားရှင်းလင်းသည်။ ယင်းနောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ချုပ်အစီရင်ခံစာကို တက်ရောက်လာသူများ၏သဘောတူညီမှု ရယူခဲ့သည်။**အောင်သူ(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများသို့ ပံ့ပိုးငွေပေးအပ်

**ဓနုဖြူ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနမှ စုပေါင်းလယ်ယာဆောင်ရွက်သောတောင်သူများသို့ ပံ့ပိုးငွေပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဧက (၁၀၀) စံပြကွက်ဆောင်ရွက်မည့်အသင်းသားတောင်သူများထံ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပံ့ပိုးငွေများ ပေးအပ်ခဲ့သည်။



**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ချောက်မြို့နယ်၌ KG တန်း ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

**ချောက် ဩဂုတ် ၁**

ချောက်မြို့နယ်၌ KG တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၃၀ ရက်က ချောက်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၉၁ ကျောင်းမှ KG တန်း ကျောင်းသား ကျောင်းသူ ၂၅၈၇ ဦးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်း၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးတို့က အလက(၃) ကျောင်းနှင့် အထက(၃)ကျောင်းတို့ရှိ KG တန်း ကျောင်းသား ကျောင်းသူများအား အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်းကို ကြည့်ရှုပြီး လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**ရေဦး ဩဂုတ် ၁**

ရေဦးမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၂၉ ရက်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေနဒီဦးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူရက သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



အဆိုပါသင်တန်းသို့ သင်တန်းသား ၁၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် သင်ကြားပို့ချကြောင်း သိရသည်။ **သန်းသန်း(ရေဦး)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွှေကျင်မြို့နယ်၌ လူမှုစီးပွားဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



ရွှေကျင် ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူမှုစီးပွားဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ မြို့ပေါ်ရှစ်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူ ၁၀၂ ဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမိုးအောင်က လိုင်စင်မဲ့ကား၊ ဆိုင်ကယ်များ မောင်းနှင်မှုရှောင်ရှားရေး၊ ခေတ္တအုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သန်းက စားသောက်ဆိုင်များ၊ ကာရာအိုကေဆိုင်များ လိုင်စင် လျှောက်ထားပြီးမှ လုပ်ကိုင်ရေးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ရပ်ရွာလုံခြုံရေး၊ မှုခင်းကျဆင်းရေး၊ ရပ်ကွက်နှင့်ကျေးရွာများ အေးချမ်းသာယာရေး ဆောင်ရွက်နေမှုများ၊ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံမှ ရပ်ကွက်နှင့် ကျေးရွာများအတွင်း ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိမှုနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုများ၊ ကျောင်းပြင်ပပညာရေး သင်ကြားပေးလျက်ရှိမှု၊ တရားဥပဒေများ ရင်ဆိုင်ရပါက လုပ်ဆောင်ရမည့်နည်းလမ်းများ၊ ဥပဒေနှင့် ပတ်သက်သည်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ရပ်စောက်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း



ရပ်စောက် ဩဂုတ် ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား ပေးအပ်သည်။ မြို့နယ်(ပြန်/ဆက်)

# ပြည်မြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း



ပြည် ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အမှာစကား ပြောကြားပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၉ ဦးအား သင်တန်းဆင်းလက်မှတ်များနှင့် ဥပဒေဘာသာရပ်တွင် အမှတ်အများဆုံးရရှိသူ သုံးဦးအား ရာဇသတ်ကြီး မြန်မာ၊ အင်္ဂလိပ်စာအုပ်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။ ဝဏ္ဏထွန်း(ပြန်/ဆက်)

# ကော့သောင်းမြို့နယ် ခုနစ်မိုင်ကျေးရွာပြည်သူများသို့ ကျေးရွာမြေငှားဂရန်ပေးအပ်

ကော့သောင်း ဩဂုတ် ၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ခုနစ်မိုင်ကျေးရွာပြည်သူများသို့ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က ဒေသခံပြည်သူများ အထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့်အထောက်အထားဖြစ်သော မြေငှားဂရန်ရရှိခြင်းအားဖြင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု ပိုမိုရရှိကာ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရသင့်ရထိုက်သော အခွန်ငွေများ ရရှိစေရန်ရည်ရွယ်၍ ကျေးရွာမြေငှားဂရန်(မြေငှားစာချုပ်) ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရွှေပြည်စိုးကျေးရွာအုပ်စု ခုနစ်မိုင်ကျေးရွာမှ အိမ်ခြေ ၂၀၄ အိမ်အတွက် ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်) များကို ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန် /ဆက်)



# ချောက်မြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

ချောက် ဩဂုတ် ၁

ချောက်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌတို့က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ခဲ့သည်။ ကိုမိုး(ပြန်/ဆက်)



# ခရမ်းမြို့နယ်၌ ကျေးရွာမြေငှားဂရန် ထုတ်ပေး

ခရမ်း ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် စခန်းကြီးကျေးရွာ၌ ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းကို ယမန်နေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြူဟ္မစိုရ်ခန်းမ၌ ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက သတ်မှတ်လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် ကိုက်ညီသည့် ကျေးရွာမြေငှားဂရန် ၁၂၅ ခုကို ပြည်သူများ လက်ဝယ် အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ ကိုမင်း(ခရမ်း)



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၁ ရက်က တိုက်ကြီးမွေးမြူရေးဇုန် ဧက ၂၀၀၀ အနီး၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ ဒုတိယရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ၊ တိုက်ကြီးမွေးမြူရေးဇုန်မှ လုပ်ငန်းရှင်များက ပျိုးပင် ၂၁၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ ဝတ်ရည်(ပြန်/ဆက်)



ပန်းတနော်မြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူ ရေးရာဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် စားအုန်းဆီ လက်ကားကိုယ်စားလှယ်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မြို့မဈေး နှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ စားဆီအရောင်းဆိုင် ၂၅ ဆိုင်သို့ သွားရောက်ကာ စားသုံးဆီများ စနစ်တကျ ဖြန့်ဖြူးရောင်းချနေမှုကို ဇူလိုင် ၃၁ ရက်က စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်၌ ကျင်းပစဉ်။

စိမ်းလဲ့(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများက ဇူလိုင် ၃၀ ရက်တွင် အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် ဇီဝအချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ သက်လွင်စိုး

## ရန်နံ့ချောင်းမြို့နယ် ကမ်းပြိုဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ရေနံချောင်း ဩဂုတ် ၁**

ရေနံချောင်းမြို့နယ် ရောဝတီမြစ်ကမ်းပြို ကမ်းစားမှုကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရသည့် ပင်းဝကျွန်းကျေးရွာမှ ဘေးသင့်အိမ်ထောင်စု ၇၁ စုအား ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းနှင့် အခြေခံစားကုန်များ လှူဒါန်းပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် စုစုပေါင်းငွေကျပ် ၁၅၇၆၉၀၀ တန်ဖိုးရှိ ရေသန့်ဘူးတစ်လီတာ ၇၁ ကတ်၊ ခေါက်ဆွဲခြောက် ဖာ ၃၀နှင့် ခေါက်ဆွဲကြော် ၇၁ ဘူးကို လည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၇၁၀၀၀၀၀ နှင့် ဆန်ရိက္ခာဖိုး ကျပ် ၁၄၄၅၀၀၀ စုစုပေါင်း ၈၅၄၅၀၀၀ ကို လည်းကောင်း၊ မြို့နယ်ကုသရေးနှင့်ကျန်းမာရေးဦးစီးဌာနက ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ကျန်းမာရေးဆိုင်ရာ ဘက်စုံသုံးဆေးဝါးများကို လည်းကောင်း တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဘေးသင့်ပြည်သူများလက်ဝယ်သို့ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ချိုမီအောင်(ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်၌ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

**ရေတာရှည် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဘိုးတော်ကုန်းကျေးရွာအုပ်စု အလက(ခွဲ)ကျောင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာစာသင်ကျောင်းမှကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ ခရေ၊ မဟော်ဂနီနှင့် ယမနေ၊ ကုက္ကိုပျိုးပင် စုစုပေါင်း ၃၀၀ ခန့်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပခုက္ကူမြို့ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်

**ပခုက္ကူ ဩဂုတ် ၁**

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းကို ဇူလိုင် ၃၀ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ ဆရာမများက ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း နှစ်(၆၀)ပြည့် မဂ္ဂဇင်းစာအုပ်တွင်ပါရှိသည့် နှလုံးသားနုနုဆူးစူးမရ၊ ဇမ္ဗူမှာရှားသည့် သူလိုကျောင်းသား၊ ပြင်သစ်ကို တည်မလေ ညီညွတ်စေ၊ မျက်မှန်တစ်လက်၏ ရာဇဝင်၊ ပညာရေးပန်းပွင့်လန်းစေချင်နှင့် အခြားဆောင်းပါးများကို ဆောင်းပါးရှင်စာရေးဆရာ ဆရာမများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မယ်ခွေ**

## ကျိုက်လတ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်

**ကျိုက်လတ် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ရုံးဒေါင့်ကျေးရွာ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက မြေယာစီမံခန့်ခွဲမှုစနစ်တကျရှိစေရေးနှင့် မြေငှားဂရန်၏ အသုံးဝင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ရုံးဒေါင့်ကျေးရွာနေပြည်သူများထံ မြေဂရန်များ ပေးအပ်ခဲ့ကြသည်။



**လှိုင်မင်းအောင် (ပြန်/ဆက်)**

## မင်းဘူးမြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

**မင်းဘူး ဩဂုတ် ၁**

မင်းဘူး(စကု)မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများက အုပ်ချုပ်ရေးမှူး ၅၅ ဦး တက်ရောက်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစု၌ သက်သာသောဈေးနှုန်းဖြင့် ကြက်ဥများ ရောင်းချပေး

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် မေတ္တာလမ်း မြို့နယ်သမဝါယမအသင်းစုရုံးရှေ့၌ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းမှစ၍ သက်သာသောဈေးနှုန်းဖြင့် ကြက်ဥအလုံး ၈၀၀၀ ရောင်းချပေးလျက်ရှိပြီး နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**



## ကျောက်တံခါးမြို့၌ ဒေသကြက်သားနှင့် CP ကြက်သားများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ကျောက်တံခါး ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် မြို့မဈေးကြီးတွင် ဒေသကြက်သားနှင့် CP ကြက်သားများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီက ကြီးကြပ်၍ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ဆက်သွယ်ကာ ဒေသကြက်သားနှင့် CP ကြက်သားတို့ကို သက်သာသောဈေးနှုန်းများဖြင့် နေ့စဉ်ရောင်းချပေးလျက်ရှိရာ အသားများလတ်ဆတ်မှုရှိစေရေးနှင့် အလေးချိန်ခွင် မှန်ကန်စေရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နေ့စဉ်ကြီးကြပ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်း(ပြန်/ဆက်)**





## မိုးဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကြည့်ရှု

**မြစ်သား ဩဂုတ် ၁**

မြစ်သားမြို့နယ်တွင် ထားဝယ်အင်းငွေစု ငွေချေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကျော်စွာဝင်း၏ ကွင်းအမှတ်(၆၄၆)ရှိ သုံးဧကရွှေတောင် ၈ ဝါမျိုးစိုက်ပျိုးထားသည့် မိုးဝါစိုက်ခင်းကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စိုက်ပျိုးမြေများကို ပြုပြင်ပြီး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေးရန်လိုအပ်ကြောင်း၊ ရေရရှိရေးနှင့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မိုးဝါစိုက်အသင်းသား တောင်သူများက သိရှိလိုသည်များမေးမြန်းခဲ့ရာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ဝါဝါမြင့်(ပြန်/ဆက်)**

တနိုင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)



ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၈၉)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဩဂုတ် လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဌ - ၉၁၂၂၄၄

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆုများ

ဍ - ၉၇၇၁၈၀  ည - ၉၈၆၉၄၁

ကံထူးရှင်(၂)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဈ - ၃၀၂၂၁၅  ဍ - ၇၃၃၅၅၅

ဋ - ၃၅၂၁၄၅

ကံထူးရှင်(၃)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဌ - ၃၆၁၁၉၉  ဋ - ၈၇၀၁၂၅

ည - ၅၁၇၃၁၀  ဈ - ၉၂၆၂၀၀

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| တ - ၁၁၂၃၅၆ | က - ၇၆၁၁၃၆ |
| ည - ၄၁၃၆၉၈ | တ - ၇၈၆၁၇၄ |
| တ - ၅၄၅၆၈၃ | ခ - ၉၁၁၃၀၂ |
| ဆ - ၅၄၉၂၈၉ | ည - ၉၂၄၄၂၂ |
| ဆ - ၅၆၆၁၅၆ | ခ - ၉၄၇၀၀၃ |
| ဏ - ၆၅၅၈၈၉ | စ - ၉၈၉၅၈၀ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| ပ - ၁၉၁၁၃၇ | င - ၄၄၁၂၉၄ | ပ - ၆၈၂၃၉၉ |
| င - ၃၂၁၆၃၉ | ဏ - ၄၆၄၇၆၉ | ဈ - ၇၆၈၃၀၇ |
| င - ၃၂၅၂၈၃ | စ - ၄၈၀၄၀၆ | ဌ - ၉၂၆၇၃၆ |
| တ - ၃၈၅၅၆၅ | ခ - ၅၂၅၈၅၉ | ည - ၉၇၃၂၅၄ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ဍ - ၁၈၈၄၀၅ | ဇ - ၃၈၃၃၄၄ | ဌ - ၆၀၆၁၇၈ |
| စ - ၂၉၂၅၇၃ | ပ - ၄၃၇၄၉၂ | ပ - ၆၃၃၆၄၀ |
| င - ၃၂၃၆၈၃ | ခ - ၄၇၉၇၁၁ | ခ - ၆၄၈၀၂၈ |
| ဏ - ၃၆၁၉၄၁ | စ - ၅၄၆၃၅၄ | ဃ - ၆၉၃၀၆၃ |
| စ - ၃၆၃၄၇၅ | ည - ၅၇၉၁၀၅ | ဃ - ၇၉၂၈၉၂ |

ကံထူးရှင်(၁၅)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| တ - ၁၄၉၆၇၁ | ဈ - ၆၀၆၂၁၄ |
| ဍ - ၁၅၁၉၇၆ | ဂ - ၆၁၆၃၉၆ |
| ဈ - ၂၀၅၂၈၇ | က - ၆၅၂၈၂၂ |
| ဆ - ၂၃၈၂၈၀ | ဋ - ၈၁၇၈၆၆ |
| ဂ - ၃၂၄၁၀၉ | က - ၈၅၉၅၆၅ |
| ဈ - ၃၃၂၁၀၈ | ဂ - ၉၁၁၀၅၉ |
| ဌ - ၅၀၃၆၅၂ | ဇ - ၉၁၉၀၆၄ |
| ဈ - ၅၁၆၉၀၄ | ဃ - ၉၇၂၈၅၇ |

ကံထူးရှင်(၁၆)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| ပ - ၂၁၁၀၉၅ | တ - ၅၉၂၈၀၅ | င - ၈၁၉၄၆၂ |
| တ - ၂၈၂၈၇၀ | တ - ၆၃၅၅၈၆ | ဈ - ၈၄၀၁၁၆ |
| ခ - ၃၄၄၂၂၅ | တ - ၆၄၅၁၈၄ | တ - ၈၄၆၆၉၄ |
| ဏ - ၃၉၄၁၇၈ | ည - ၆၇၃၈၃၁ | င - ၈၅၁၀၄၂ |
| ဏ - ၄၄၇၈၃၂ | ဃ - ၆၈၃၁၃၆ | ဍ - ၈၆၁၉၇၂ |
| င - ၄၇၇၃၃၃ | ခ - ၇၂၅၄၀၂ | ဍ - ၈၇၁၀၃၉ |
| ပ - ၅၀၀၄၂၄ | ည - ၈၁၀၉၀၁ | တ - ၉၂၅၄၆၇ |
| တ - ၅၀၇၈၇၀ | ဍ - ၈၁၃၅၁၄ | ဇ - ၉၉၄၇၀၈ |
| တ - ၅၁၉၀၆၁ | | |

ကံထူးရှင်(၂၅)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ည - ၁၃၄၀၁၄ | က - ၅၇၂၄၅၂ |
| ဏ - ၁၇၉၉၂၅ | ဈ - ၆၃၁၇၁၇ |
| ပ - ၁၉၁၃၁၆ | ဏ - ၆၃၇၇၉၄ |
| ခ - ၁၉၅၀၁၂ | ဏ - ၆၄၆၉၉၅ |
| ဌ - ၂၂၇၆၈၉ | ည - ၆၅၂၄၇၀ |
| ဂ - ၂၄၅၁၀၄ | ဇ - ၆၆၆၇၄၆ |
| ဌ - ၂၆၉၃၃၅ | ဋ - ၇၁၉၃၉၆ |
| ဂ - ၃၀၆၈၉၀ | င - ၇၄၅၆၅၈ |
| ဌ - ၃၂၀၂၅၁ | င - ၇၆၂၂၀၆ |
| တ - ၃၂၁၉၀၇ | ဇ - ၇၆၅၂၀၆ |
| ဍ - ၃၈၁၂၆၅ | ဇ - ၈၁၄၁၄၀ |
| ည - ၃၉၄၁၀၄ | ဋ - ၈၄၀၈၄၇ |
| ဂ - ၄၀၀၁၉၆ | ဇ - ၈၉၁၈၃၀ |
| တ - ၄၂၈၃၉၀ | ဃ - ၉၆၂၁၁၀ |
| ဂ - ၅၂၅၁၄၈ | |

ကံထူးရှင်(၂၉)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်

| | |
|---|---|
| စ - ၂၄၅၆၀ | ပ - ၆၄၆၀၃ |
| ဇ - ၂၆၆၈၄ | ဈ - ၈၃၄၉၃ |
| ဈ - ၂၆၈၄၀ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်

| | | |
|---|---|---|
| ဌ - ၁၃၃၀ | ဍ - ၄၃၄၁ | င - ၅၉၂၇ |
| ဈ - ၁၉၆၇ | ဆ - ၄၆၇၉ | ဃ - ၇၈၅၂ |
| ဆ - ၃၄၇၇ | ဃ - ၅၉၁၁ | က - ၉၅၃၆ |
| င - ၃၆၄၆ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်

| | | |
|---|---|---|
| ည - ၁၄၅ | ဈ - ၆၃၂ | ဈ - ၇၉၆ |
| ဇ - ၃၁၆ | ပ - ၆၉၀ | ဋ - ၉၀၁ |
| ဃ - ၄၉၄ | တ - ၆၉၉ | တ - ၉၂၃ |
| ဌ - ၅၁၇ | ခ - ၇၅၁ | ဆ - ၉၉၈ |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၂၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၇)ယူနစ်

ဌ - ၂၉  ဏ - ၄၀  ဏ - ၄၉  ဂ - ၅၂  ဏ - ၅၄  ဇ - ၇၆  င - ၇၈

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၇၀၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဍ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ဇ - ၁၄၁၂၇၇ | ဇ - ၄၉၉၈၈၆ |
| ဃ - ၄၁၈၃၄၉ | စ - ၆၀၀၃၇၁ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ည - ၂၁၉၃၅  ဏ - ၆၄၀၅၆

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဍ - ၃၉၃၈  ဍ - ၉၄၅၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဋ - ၁၈၂  ဆ - ၂၆၅

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ ဩဂုတ် လ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၉)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၈၅၃၉၃ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၈၅၃၉၃ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အကြိမ်(၉၀)မြောက် ကျပ်(၁၀၀၀)တန်အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က)အက္ခရာမှ (ဒ)အက္ခရာထိ အက္ခရာ (၁၈)လုံးဖြစ်ပါသည်။

၃။ (၈၉)ကြိမ်မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၃ - ၈ - ၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၁- ၈- ၂၀၂၆ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/73868 NP Model –110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်နွယ် ၉/မနမ (နိုင်) ၀၅၀၉၅၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

